ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (26-1-2005) (၄၄၉၀)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော **အိန္ဒိယသမ္မတနိုင်ငံ** တည်ထောင်သည့် (၅၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သြစတြေးလျနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ်ဂျက်ဖရီ(အငြိမ်းစား)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယနိုင်ငံ ဒုတိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ကျရောက်သော **အိန္ဒိယသမ္မတနိုင်ငံ** တည်ထောင်သည့် (၅၆)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ ကျင်းပစဉ်။ (သတင်းစဉ်)



## မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုးကြားတက်ကြွစွာပါဝင် သမိုင်းအစဉ်အလာကြီးမားလှသည့် နေ့ထူးနေ့မြတ် ပြည်ထောင်စုနေ့ကို အလွန်တန်ဖိုးထားဂုဏ်ပြု ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေး အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံ

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်နှင့် အလုပ်အမှုဆောင်များ၊ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်းနှင့် ငါန်းဇွန်မြို့နယ်တို့မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများ၊ အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ အင်အား ၉၂၃၅ ဦး အင်တိုက်အားတိုက် တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၆–၁–၂၀၀၅
(ဗုဒ္ဓဟူးနေ့)

## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ် ၂၀၀၅ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၃ ရက်နေ့က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါ စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားရာတွင် **အီလက်ထရောနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများကို အိုင်စီတီဖွံ့ဖြိုးမှုအတွက် ဆတက်ထမ်းပိုးတိုးပြီး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ရှေးကထက် ပိုမိုပူးပေါင်းပါဝင်ပြီး လက်တွဲဆောင်ရွက်ကြရန်** တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့တွင် ထူးထူးခြားခြား အောင်မြင်တိုးတက်မှုများ ရရှိနေကြောင်းတွေ့မြင်နေရသည်။

ယင်းကဲ့သို့ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဟုခေါ်သည့် အိုင်စီတီသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်လာသည်နှင့်အမျှ အိုင်စီတီသည် နေ့စဉ်လူမှုဘဝတွင် မရှိမဖြစ် လိုအပ်လာလျက်ရှိသည်။ ထို့အပြင် ကုန်ထုတ်လုပ်မှုနည်းစဉ်များ အကျိုးရှိစွာ ထုတ်လုပ်နိုင်ရေး၊ ကုန်သွယ်မှုများ ကျယ်ပြန့်လာရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာရေးတို့အတွက်လည်း ပံ့ပိုးစွမ်းဆောင်ပေးနိုင်ပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ အစိုးရကဏ္ဍတွင်သာမက ပုဂ္ဂလိကကဏ္ဍမှ ကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် နိုင်ငံရပ်ခြားမိတ်ဆွေများ၏ ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်လာခဲ့ရာ ယခုအခါတွင် အိုင်စီတီနည်းပညာများ လျင်မြန်စွာ တိုးတက်လျက်ရှိသည်။

အိုင်စီတီ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းဖြင့် စနစ်တကျ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးဥပဒေကို ၁၉၉၆ ခုနှစ်တွင် စတင်ထုတ်ပြန်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းများကို ၁၉၉၈ ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့သည်။

ထို့နောက် အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ကို ၂၀၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာအိုင်စီတီပတ်ခ်ကို ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ မန္တလေးအိုင်စီတီပတ်ခ်ကို ၂၀၀၃ ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာနှင့် အိုင်စီတီ ပူးပေါင်းလုပ်ကိုင်မှုများကို ပိုမိုတိုးတက်ဖြစ်ထွန်းစေမည်ဖြစ်ပေသည်။

ယခုကျင်းပလျက်ရှိသည့် စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅ တွင် ဝန်ကြီးဌာနများနှင့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ အိုင်စီတီဆိုင်ရာ ပြခန်းပေါင်းနှစ်ရာကျော် ပြသလျက်ရှိကြောင်း သိရသည်။ ထို့အပြင် ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ပြိုင်ပွဲများ ပါဝင်ရာ နိုင်ငံအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ဗဟုသုတများ တိုးပွားရေးအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ အိုင်စီတီဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့်မားလာရေးအတွက် တစ်မျိုးသားလုံးအတိုင်းအတာဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံတော်၏ အားပေးကူညီပံ့ပိုးမှုနှင့်အတူ ကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် အသင်းဝင်များ အားလုံးက ဆတက်ထမ်းပိုး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဝန်ကြီးဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်း

ရန်ကုန် ဇန်နဝါရီ ၂၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ပုသိမ်–မြောင်းမြ လမ်းပေါ်ရှိ ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်)စီမံကိန်းလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဒေါ်စီသန်းက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက တာဝါတိုင် သံမဏိတိုင်များ ထုတ်လုပ်မှုကို အမြန်ဆောင်ရွက်ရန်နှင့် မြောင်းမြဘက်ကမ်း တာဝါတိုင်ထုတ်လုပ်ပြီးစီးသည့် သံမဏိတိုင်များကို တပ်ဆပ်ရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

**မြောင်းမြဘက်ကမ်း**

တံတား၏ လုပ်ငန်းများတွင် မြောင်းမြဘက်ကမ်း၌ ကပ်ခုံနှင့် ချဉ်းကပ်တိုင် ငါးတိုင်ရှိသည့်အနက် သုံးတိုင်မှာ ရာခိုင်နှုန်း ၁၀၀ ပြီးစီးပြီး ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပုသိမ်ဘက်ကမ်းတွင် တာဝါတိုင်၏ ဘိုးပိုင် ခြောက်လုံးရှိသည့်အနက် ငါးလုံးတူးဖော်ပြီးစီး၍ ခြောက်လုံးမြောက်ကိုတူးနေဆဲဖြစ်သည်။ ကြိုးထိန်းခုံတွင် ဘိုးပိုင်အလုံး ၂၀ ရှိသည့်အနက် လေးလုံး တူးပြီးဖြစ်သည်။

**သံမဏိသံပေါင်ကြိုးတံတား**

ပမ္မဝတီမြစ်ကူးတံတား(မြင်းကဆိပ်)သည် သံမဏိသံပေါင်ကြိုးတံတား အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည် ပေ ၅၄၀၊ မြောင်းမြဘက်ကမ်းချဉ်းကပ်တံတား ပေ ၃၆၀၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတား ပေ ၃၆၀ စုစုပေါင်း ပေ ၁၂၆၀ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ပေ ၂၀နှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီ ပါရှိသည်။ အုတ်မြစ်အမျိုးအစားမှာ ဘိုးပိုင်သံကူကွန်ကရစ် အမျိုးအစား ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ် တစ်စီးချင်း တန် ၆၀ ဖြစ်သည်။

**လှော်နည်းတိုတောင်း**

ဤတံတားကြီး ပြီးစီးသွားပါက မြောင်းမြနှင့်ပုသိမ် ၃၃ မိုင် ၁ ဖာလုံသာ ကွာဝေးတော့မည်ဖြစ်ပြီး ယခုအသုံးပြုလျက်ရှိသည့် လမ်းကြောင်းထက် အရှည် ၃၃ မိုင် လျော့နည်းတိုတောင်းသွားမည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြင်းကဆိပ်တံတားမှ ပုသိမ်–မြောင်းမြလမ်း၊ မြောင်းမြ–အိမ်မဲလမ်း၊ ဝါးခယ်မ – ကျွန်းကုန်းလမ်း၊ ပန်းတနော်–ရွှေလောင်း–ဝါးခယ်မ လမ်းတစ်လျှောက် လမ်းအခြေအနေနှင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပန်းတနော်–ရွှေလောင်း–ဝါးခယ်မလမ်း မိုင်တိုင် (၃၂/၀)ရှိ အရှည် ၁၄၈ ပေ ငှက်ပျောစုတံတား ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းသို့ရောက်ရှိရာ ဝါးခယ်မမြို့နယ် အင်ဂျင်နီယာ ဦးမြင့်ဦးက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက တံတားကြမ်းခင်း ကွန်ကရစ်မခင်းမီ အာပီတီတံတားသံပေါင်များကို ထပ်မံစစ်ဆေး၍လိုအပ်ချက်များပြုပြင်ပြီးမှ ကွန်ကရစ်ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားသည်။ (သတင်းစဉ်)



**လှူဒါန်း**

**သန်လျင်မြို့ အမှုထမ်း(၂) ရပ်ကွက် သုခလမ်း အမှတ်(၁၄)နေ ဒေါ်လှရီက (၅၈)နှစ်ပြည့် မွေးနေ့ အလှူအဖြစ် ဓမ္မဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ကျပ်တစ်သိန်းကို ဒီဇင်ဘာ ၂၈ ရက်က စိုက်ထူလှူဒါန်းစဉ်။**

(က–ပ)

# နိုင်ငံတော်၏ ၁၇၀ ခုမြောက်၊ မကွေးတိုင်း၏ ၃၄ ခုမြောက် ပဒဲရေလှောင်တမံဖွင့်ပွဲ အောင်လံမြို့နယ်၌ကျင်းပ လယ်မြေဧက ၆၄၀၀ သီးထပ်သီးနှံများ စိုက်ပျိုးနိုင်ပြီဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၅

**မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် နတ်မောက်ကျေးရွာအနီး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၃)က တည်ဆောက်ခဲ့သည့် ပဒဲရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီ ၄၅မိနစ်တွင် အဆိုပါတမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။**

ပဒဲရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စန်း၊ မကွေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အောင်လံမြို့နယ်အတွင်းရှိကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

## သီးထပ်စွမ်းအားတိုးမြှင့်

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ စီးပွားရေးဦးတည်ချက် လေးရပ်တွင် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံ၏စိုက်ပျိုးရေးစွမ်းအား မြင့်မားလာသည်နှင့်အညီ တိုင်းပြည်၏ စီးပွားရေး တိုးတက်ထွန်းကားလာမှာဖြစ်၍ လက်ရှိစိုက်ဧကကို အပြည့်အဝ စိုက်ပျိုးရန်၊ စိုက်ဧက တိုးချဲ့စိုက်ပျိုးရန်၊ တစ်ဧကအထွက်နှုန်းတိုးရန်၊ တစ်သီးမှနှစ်သီး၊ သုံးသီးစသည်ဖြင့် သီးထပ်စွမ်းအားတိုးမြှင့်ရန် လိုအပ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လမ်းညွှန်မှုများပြုထားပြီးဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ပဒဲရေလှောင်တမံကြောင့် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးအထူးစီမံကိန်းဒေသတွင် ပါဝင်သည့် သရက်ခရိုင်အတွင်း စိုက်ပျိုးရေးအတွက် ရေရရှိရေးကို အကျိုးပြုစေမည့် လုပ်ငန်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ဆည်မြောင်းစီမံကိန်းများကို ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလအတွက် အမြော်အမြင်ကြီးမားစွာနှင့် တည်ဆောက် ပေးထားခြင်းဖြစ်၍ ဆည်မြောင်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်ခံ့အောင် ထိန်းသိမ်း စောင့်ရှောက်ရင်း အကျိုးရှိစွာ အသုံးချသွားကြပါဟု တိုက်တွန်းလိုကြောင်း။

ထို့အတူ လယ်ယာသုံးစက်ကိရိယာများကိုလည်း ပိုမိုအသုံးပြုဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပဒဲရေလှောင်တမံဖြစ်မြောက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှဝန်ထမ်းများ၊ ကူညီဆောင်ရွက်ခဲ့သော မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများအား အထူးကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

## ကူညီဆောင်ရွက်

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံ၏ စီးပွားရေး၌ ပင်မမဏ္ဍိုင်ကြီးဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းကြီး ခိုင်မာသေချာသော ဖွံ့ဖြိုးတိုးတက်မှုများ ဆင့်ကဲဆင့်ကဲ ဖြစ်ထွန်းလာရအောင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် အကြီးအကဲ အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာကောင်းထားပြီး ပုံဖော်တည်ဆောက်ပေးခဲ့သည့်အတွက် ပဒဲရေလှောင်တမံကြီး ပေါ်ထွန်းလာပြီး ဒေသခံတောင်သူများနှင့် ပြည်သူများ၏ လက်တွေ့ကျသည့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ပေါ်ထွက်လာတော့မှာဖြစ်ကြောင်း။

မြန်မာနိုင်ငံအလယ်ပိုင်း၌ သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသည့် မကွေးတိုင်းသည် ပြည်တွင်းစားသုံးဆီအတွက် အားထားရသည့်အပြင် စက်မှုကုန်ကြမ်း၊ ဝါ၊ ကြံသီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရာဒေသကြီး ဖြစ်ကြောင်း၊ ထို့အပြင် ဒေသဆန် ဖူလုံရေးအတွက် ဖြစ်ထွန်းလာနေသည့် ဆည်မြောင်းတာတမံ မြစ်ရေတင်စီမံကိန်းများ၏ စွမ်းအားဖြင့် အားထုတ်ဆောင်ရွက်နိုင်မည့် အခြေအနေကောင်းများရှိနေသော ဒေသကြီးလည်းဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

မကွေးတိုင်းအနေဖြင့် လယ်ယာကုန်ထုတ်မှုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည့် ရေခံမြေခံစွမ်းအားစုများ ရှိနေသည့် မိမိတို့တိုင်း၏ အခြေခံကောင်းများအပေါ်၌ နိုင်ငံတော်က ငွေကြေးအမြောက်အမြား ရင်းနှီးလုပ်ကိုင်ပေးထားသည့် ဆည်တမံများနှင့် မြစ်ရေတင်စီမံကိန်းများ၏ အားတို့ကို ပေါင်းစပ်ပြီး သီးနှံစိုက်ပျိုးမှု လျာထားချက်များ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ဤဒေသ၌ မူလက မိုးစပါး၊ မိုးနှမ်း၊ မြေပဲနှင့် ပဲတီစိမ်းကို ဧက ၆၂၅၀ခန့် မှုရင်းသီးနှံအနေဖြင့် စိုက်ပျိုးကြကြောင်း၊ သီးထပ်အဖြစ် မြေပဲ၊ ကုလားပဲ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့ကို ဧက ၃၆၀၀ကျော် စိုက်ပျိုးကြသည့်အတွက် စုစုပေါင်း သီးနှံစိုက်ဧရိယာသည် ဧက ၉၈၅၀ကျော်ရှိပြီး သီးနှံစိုက်စွမ်းအားသည် ၁၅၈ ရာခိုင်နှုန်းရှိကြောင်း၊ ယခု ပဒဲရေလှောင်တမံ တည်ဆောက် ပြီးစီးသွားခြင်းကြောင့် မှုရင်းသီးနှံ မိုးစပါး၊ မိုးနှမ်းနှင့် ပဲတီစိမ်းဧက ၆၄၀၀ အပြင် သီးထပ်အဖြစ် နွေစပါး၊ ကုလားပဲတို့ကို ဧက ၆၄၀၀ ထပ်မံတိုးတက် စိုက်ပျိုးလာနိုင်ပြီဖြစ်ကြောင်း၊ စုစုပေါင်း သီးနှံစိုက်ဧက ၁၂၈၀၀အထိ ရှိလာမှာဖြစ်ကြောင်း၊ ဒေသရှိကျေးရွာအုပ်စု ၉ရခုက ဒေသခံတောင်သူများအနေဖြင့် တစ်နှစ် နှစ်သီးနှင့် သီးနှံစိုက်စွမ်းအားကို ၂၀၀ ရာခိုင်နှုန်းအထိ အကျိုးခံစားရတော့မှာဖြစ်ကြောင်း၊ နယ်မြေလူထု၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာတော့မှာဖြစ်ကြောင်း။

ထို့ကြောင့် နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြု စေသည့် ရေလှောင်တမံကြီး ရေရှည်တည်တံ့စေရန်၊ သားစဉ်မြေးဆက် အကျိုးခံစားနိုင်စေရန် ဒေသနေ ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

## ၁၇၀ ခုမြောက်

ယခု ပဒဲရေလှောင်တမံသည် မိမိတို့အစိုးရလက်ထက် ၁၇၀ ခုမြောက် ရေလှောင်တမံအဖြစ် သမိုင်းမှတ်တိုင်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျပ်သန်းပေါင်း ၁၈၂၂သန်းရင်းနှီးသုံးစွဲ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် ပဒဲရေလှောင်တမံသည် မကွေးတိုင်းအတွင်း စိုက်ပျိုးရေရရှိရေးအတွက် ၃၄ခုမြောက် တည်ဆောက်ပြီးစီးသည့် ရေလှောင်တမံဖြစ်ကြောင်း၊ ပဒဲရေလှောင်တမံ အောင်မြင်စွာ တည်ဆောက်ပြီးစီးခြင်းကြောင့် မကွေးတိုင်းအတွင်း စပါးသီးနှံ ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ဒေသဆန်ဖူလုံသည့်တိုင်းတစ်ခု ဖြစ်လာတော့မှာဖြစ်ကြောင်း။

နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ တစ်ဦးချင်းဝင်ငွေတိုးပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရေး၊ ဒေသဆန်ဖူလုံရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့ကို လက်တွေ့ကျကျ အကောင် အထည်ဖော်ဆောင်ရွက်ရန် အစဉ်အမြဲ လမ်းညွှန်မှုပြုခဲ့သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ကို မကွေးတိုင်းအတွင်းရှိ ဒေသခံပြည်သူများ၏ ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

## အထူးကျေးဇူးတင်ရှိ

ထို့နောက် သရက်ခရိုင် အောင်လံမြို့နယ် ရွှေပန်းတော ကျေးရွာမှ တောင်သူလယ်သမားကြီး တစ်ဦးက စိုက်ပျိုးရေ၊ သောက်သုံးရေ ရှားပါးခက်ခဲသည့် အောင်လံမြို့နယ်၌ ၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်က လျှပ်စစ်မြစ်ရေတင်လုပ်ငန်း လေးခုတည်ဆောက်ပေးခဲ့သဖြင့် လယ်ယာမြေဧက ၇၈၁၃ဧကအကျိုးပြုခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ဘွက်ကြီးရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ခဲ့သဖြင့် စိုက်ပျိုးမြေဧက ၁၀၀၀၀ တစ်နှစ်ပတ်လုံး သုံးသီးစိုက်နိုင်ခဲ့ကြောင်း။

ယခုထပ်မံ၍ ပဒဲရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ခဲ့သဖြင့် ဧက ၆၄၀၀ထပ်မံ သီးထပ်စိုက်နိုင်တော့မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ယခုကဲ့သို့ နိုင်ငံတစ်ဝန်းတွင် ဆည်၊ ရေလှောင်တမံများ အစုအဖွဲ့ဖြင့် တည်ဆောက်ပေးခဲ့မှုများသည် နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှုပြီး တည်ဆောက်ပေးနေမှုကို တွေ့ရှိနားလည်ရသည့်အတွက် ပြည်သူများ အားလုံးကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပဒဲရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ပဒဲရေလှောင်တမံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့သည် ဒေသခံများနှင့်အတူ ပင်မတမံ၊ ရေပိုလွှဲရေဝပ်ဧရိယာ၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့သည် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသော အောင်လံမြို့နယ်၊ ပဒဲရေလှောင်တမံ ဆည်ရေသောက်ဧရိယာရှိ ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးထပ်မံတွေ့ဆုံနှုတ်ဆက်ကြသည်။

## မြေသားတမံ

ပဒဲရေလှောင်တမံကို ပဒဲချောင်းပေါ်၌ တည်ဆောက်ထားပြီး ရေဧကပေ ၃၂၉၀၀ သိုလှောင်နိုင်သည့် မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံအလျားပေ ၂၄၀၀၊ တမံအမြင့်၁၁၈ပေ ရှိသည်။ (သတင်းစဉ်)



**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ပဒဲရေလှောင်တမံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)



**မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ် ပဒဲချောင်းပေါ်တွင် တည်ဆောက်ထားသော ပဒဲရေလှောင်တမံကို တွေ့ရစဉ်။** (သတင်းစဉ်)



**တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ် သင်တန်းအမှတ်စဉ်(၆၅)နှင့် အင်ဂျင်နီယာအရာရှိငယ်သင်တန်း အမှတ်စဉ်(၃၉)တို့၏ သင်တန်းဆင်းပွဲ အခမ်းအနားတွင် တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

**✡ တပ်မတော်မှ**

ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စစ်ဆေး**

အစီအစဉ်အရ ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက သင်တန်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် သင်တန်းဆင်း တပ်ခွဲနှင့် စစ်ရေးပြတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြစဉ် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များက အုပ်စုဖွဲ့၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ရန်ကုန်မြစ်ကြောင်းမှ အလေးပြု မောင်းနှင်ကြသည်။

**ဆုများချီးမြှင့်**

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက တပ်မတော်(ရေ) စီမံခန့်ခွဲရေး အရာရှိငယ် သင်တန်းအမှတ်စဉ်(၆၅)မှ အကောင်းဆုံး ကျောင်းသားဆုရ (ရေ-၄၂၃၇) ဗိုလ်မိုးကျော်ထိန်နှင့် အင်ဂျင်နီယာအရာရှိငယ် သင်တန်းအမှတ်စဉ်(၃၉)မှ အကောင်းဆုံးကျောင်းသားဆုရ (ရေ-၄၃၀၈) ဗိုလ်ခွန်အောင်ဆန်းတို့အား ဆုများ အသီးသီးချီးမြှင့်သည်။

**အမှာစကားပြောကြား**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အမှာစကားပြောကြားရာတွင် တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ် သင်တန်းအမှတ်စဉ်(၆၅)နှင့် အင်ဂျင်နီယာအရာရှိငယ် သင်တန်းအမှတ်စဉ်(၃၉) သင်တန်းဆင်းသည့်နေ့တွင် ရဲဘော်တို့အား မှာကြားစရာရှိသည်များကို အလေးအနက် မှာကြားလိုကြောင်း။

ရဲဘော်တို့သည် သင်တန်းပြီးဆုံးအောင်မြင်၍ တာဝန်ကျရာ တပ်စခန်း၊ ရေယာဉ်အသီးသီးကိုသွားရောက်တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ တာဝန်ထမ်းဆောင်ကြရာတွင် ရဲဘော်တို့ကို သင်ကြားပေးလိုက်သည့်ပညာရပ်များသည်အခြေခံအဆင့်သာရှိသည့်အတွက် ယင်းပညာရပ်များကို လက်တွေ့ဘဝ အတွေ့အကြုံများဖြင့် ပေါင်းစပ်ပြီး မိမိတို့၏ အရည်အသွေး ပိုမိုမြင့်မားလာအောင် ဆက်လက်လေ့လာသွားများကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတာဝန်ထမ်းဆောင်ရာ၌ အခက်အခဲများကို ကျော်လွှားနိုင်ပြီး အောင်မြင်မှုများဖြင့် တွေ့ကြုံရမည်ဖြစ်ကြောင်း။

ရဲဘော်တို့သည် တပ်မတော်(ရေ)တွင် ခေါင်းဆောင်ငယ်များအဖြစ် ခန့်အပ်ခံရပြီး နောင်တစ်ချိန်တွင် တပ်မတော်(ရေ)၏ ကြီးမားသည့်တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်သွားကြရမည့်သူများ ဖြစ်သည်နှင့်အညီ တပ်မတော်၏ သမိုင်းအစဉ်အလာနှင့် တပ်မတော်(ရေ)၏ သမိုင်းအခြေအနေများကို သိရှိထားရန်လည်းလိုကြောင်း။

**အသက်ပေးထိန်းသိမ်း**

တပ်မတော်သားဘဝကို ခံယူရရှိလာကြသည့် ရဲဘော်တို့သည် တပ်မတော်၏ မွန်မြတ်သော အစဉ်အလာ(၁၂)ရပ်ကို အသက်ပေး ထိန်းသိမ်းကြရမှာဖြစ်ကြောင်း၊ တပ်မတော်၏ အစဉ်အလာများကို ဆက်လက်သယ်ပိုးကြရန် ရဲဘော်တို့သည် အဓိကအားဖြင့် စိတ်ဓာတ်ကောင်းရမည်၊ စည်းကမ်းကောင်းရမည်၊ ထို့အပြင် မိမိတို့၏ လုပ်ငန်းတာဝန်အရ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုလည်း အထူးလိုအပ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့် စိတ်ဓာတ်ကောင်းရမယ်၊ စည်းကမ်းကောင်းရမယ်၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ရမယ်ဆိုသည့် အချက်များကိုလည်း စွဲမြဲစွာ မှတ်သားအကောင်အထည် ဖော်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် မြောက်ဘက်နတ်မြစ်ဝမှ တောင်ဘက် ဘုရင့်နောင်အငူအထိ မိုင်ပေါင်း ၁၃၈၅ မိုင်ခန့်ရှည်လျားသည့် ကမ်းရိုးတန်းနှင့် ကမ်းခြေမှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာ စတုရန်းမိုင်ပေါင်း တစ်သိန်းလေးသောင်းကျော် ကျယ်ဝန်းသည့် ပင်လယ်ပြင်ကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ပင်လယ်ပြင်ကြီးသည်ရေပေါ်၊ ရေအောက်၊ သက်ရှိသက်မဲ့သယံဇာတများလည်း ပေါကြွယ်ဝကြောင်း၊ ထို့ကြောင့် ရဲဘော်တို့သည် ယင်းသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းရေးနှင့် လုံခြုံစွာ ထုတ်ယူအသုံးပြုနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရမည့်အပြင် မိမိတို့ပင်လယ်ပြင်ကို ဝင်ရောက်လာမည့် ပြည်ပကျူးကျော်ရန် ဟူသမျှကိုလည်း ပင်လယ်ပြင်မှာပင် အပြီးတိုင် ခုခံကာကွယ် တားဆီးချေမှုန်းရမည်၊ သို့မှသာ မြန်မာ့ပင်လယ် ဒို့ကာကွယ် ဆိုသည့် တပ်မတော်(ရေ)၏ အဓိကတာဝန်ကြီးကို ကျေပွန်မည်ဖြစ်ကြောင်း။

**အဏ္ဏဝါစီးပွားရေး**

ယနေ့ခေတ်တွင် Ocean Economy ဟုခေါ်သည့် အဏ္ဏဝါစီးပွားရေးလုပ်ငန်းများသည် ကမ္ဘာအနှံ့ တိုးတက်များပြားလာပြီး အကျိုးရှိစွာ အသုံးချနေကြပြီဖြစ်ကြောင်း၊ သိပ္ပံနည်းပညာများ တိုးတက်လာမှုနှင့်အတူ Ocean Economy ၏ အခန်းကဏ္ဍသည်လည်း ကြီးမားလာကြောင်း။

တစ်ဆက်တည်း ပြောကြားလိုသည်မှာ ဒေသတွင်း တည်ငြိမ်မှုရှိမှ မြန်မာ့ပင်လယ်ပြင်လည်း တည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ဒေသတွင်း ရေတပ်များသည် တူညီသော အကျိုးစီးပွား၊ တူညီသော နားလည်မှုတို့ဖြင့် ပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိရေတပ်များသည်လည်း ခေတ်နှင့်အညီ ရေတပ်များကို မြှင့်တင်တည်ဆောက်လျက် ရှိသည့်အတွက် မိမိတို့သည်လည်း ဒေသတွင်း အခြားရေတပ်များနှင့် တန်းတူရင်ပေါင်တန်း ပူးပေါင်းဆောင်ရွက်နိုင်ရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့် ရေတပ်ဆိုင်ရာ ပညာရပ်များကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန်အတွက် လေ့လာကြပါ၊ လေ့ကျင့်ကြပါ၊ ကြိုးစားကြပါဟု တိုက်တွန်းလိုကြောင်း။

ရဲဘော်တို့သည် တပ်မတော်(ရေ)၏ ခေါင်းဆောင်ငယ်များဖြစ်ကြသည့်အတွက် ခေါင်းဆောင်ငယ်များ ပီသအောင် ပြောဆိုကျင့်ကြံ နေထိုင်ပြုမူကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို ထက်မြက်သည့် ခေါင်းဆောင်အဖြစ် လက်အောက်က ယုံကြည်ကိုးစားလာအောင် ခေါင်းဆောင်မှု အင်္ဂါရပ်များ ပြည့်ဝသည်ထက် ပြည့်ဝအောင် အစဉ်အမြဲ ကြိုးစားအားထုတ်ကြရန် အထူးမှာကြားလိုကြောင်း။

**ပြည်ထောင်စုစိတ်ဓာတ်**

ယခုအချိန်အခါတွင် မိမိတို့သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်နေချိန်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ကြီးကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် တိုင်းရင်းသားအားလုံး ခိုင်မာစွာ စည်းလုံးညီညွတ်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပါမှ မျှော်မှန်းထားသည့် နိုင်ငံတော်သစ်ကို ရောက်မှာဖြစ်ကြောင်း၊ ပြည်နယ်ခုနစ်ခု၊ တိုင်းခုနစ်ခုဖြင့် ဖွဲ့စည်းထားသည့် မိမိတို့နိုင်ငံတော်အတွက် ပြည်ထောင်စုစိတ်ဓာတ်သည် မရှိမဖြစ် လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော် လုံခြုံရေးတာဝန်ဖြင့် နေရာအနှံ့ တာဝန်ထမ်းဆောင်နေရမည့် ရဲဘော်တို့သည် ရောက်ရာဒေသ၊ ကျရာတာဝန်မှာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးကို အားသွန်ကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊နောက်တစ်ချက်ဖြစ်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေးအတွက် တပ်တည်ဆောက်ရေးလုပ်ငန်း တာဝန်ကြီးလေးရပ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ပေါက်လာစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရာတွင် ဦးတည်ချက်(၁၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်နေချိန်တွင် တပ်မတော်သားအားလုံးသည်စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သည့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်ကို မဏ္ဍိုင်ပြုကာ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် နိုင်ငံ့တာဝန်၊ တပ်မတော်တာဝန်များကို ဆတက်ထမ်းပိုးတို့၍ ကျေပွန်အောင် အားသွန်ကြိုးပမ်း ဆောင်ရွက်ရန် မှာကြားလိုကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ခြင်း အခမ်းအနားကို သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်က သင်တန်းဆင်း အရာရှိများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ပြီး သင်တန်းဆင်းအရာရှိများအား လိုအပ်သည်များမှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တပ်မတော်(ရေ) အင်ဂျင်နီယာအရာရှိငယ် သင်တန်းအမှတ်စဉ်(၃၉)မှ အကောင်းဆုံးကျောင်းသား ဆုရ ဗိုလ်ခွန်အောင်ဆန်းအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ် သင်တန်းအမှတ်စဉ်(၆၅)မှ အကောင်းဆုံးကျောင်းသား ဆုရ ဗိုလ်မိုးကျော်ထိန်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# အသိပညာပေးဟောပြောပွဲနှင့် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၏ အသိပညာပေး ဟောပြောပွဲအခမ်းအနားနှင့် မြန်မာ့ရိုးရာ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၁၁၃) သံလွင်လမ်းရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲကိုကျင်းပရာ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲကိုယ်စား လုပ်ငန်းအဖွဲ့ဝင် ဒေါ်ယုဇနကျင်က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး အကြောင်း သိကောင်းစရာကိုလည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲကိုယ်စား ရဲမှူးအောင်သန်းက လူကုန်ကူးမှုအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ အမျိုးသမီးငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲကိုယ်စား လုပ်ငန်းအဖွဲ့ဝင် ဒေါ်မြတ်မြတ်ကျော်က ကလေးသူငယ်များ၏ အခွင့်အရေးများနှင့် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းအကြောင်း သိကောင်းစရာကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။

ဟောပြောပွဲသို့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ ခေါင်းဆောင် ဒေါ်ခင်အေး၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ပါမောက္ခ ဒေါ်ဌေးဌေး၊ ဒေါ်ခင်မစိုး၊ ဒေါ်ကြည်ကြည်မြ၊ ဒေါ်ပိုပိုကြည်နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် အမျိုးသမီး သက်မွေး အတတ်ပညာသင်ကျောင်းတို့မှ သင်တန်းသူများ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ကြသည်။

ထို့နောက် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်တို့ပူးပေါင်း၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးအသင်း(ဝင်္ကပါ)တို့မှ သင်တန်းသူ သမီးငယ်လေးများ၏ မြန်မာ့ရိုးရာထုပ်ဆီးတိုး အားကစားပြိုင်ပွဲကို ကျင်းပသည်။ ပြိုင်ပွဲအပြီးတွင် ဆုရရှိသည့်အသင်းများအား လုပ်ငန်းအဖွဲ့ခေါင်းဆောင်က ဆုများချီးမြှင့်သည်။ (သတင်းစဉ်)

# ကုမ္ပဏီများ ကမ္ဘာတစ်ဝန်း ဖြန့်ကြက်လုပ်ကိုင်ကြရေးကြိုးပမ်းရန် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း တိုက်တွန်းပြောကြား

နယူးဒေလီ ဇန်နဝါရီ ၂၄

**အိန္ဒိယကုမ္ပဏီများသည် ကမ္ဘာတစ်ဝန်း၌ ဖြန့်ကြက်လုပ်ကိုင်နိုင်ရေးအတွက် ပိုမိုကြိုးပမ်းသွားကြရန် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက စနေနေ့တွင် တိုက်တွန်းလိုက်သည်။ မိမိ၏ အစိုးရအဖွဲ့သည် အိန္ဒိယကုမ္ပဏီများ ကမ္ဘာနှင့်ရင်ပေါင်တန်းကာ လုပ်ကိုင် ဆောင်ရွက်နိုင်ရေး၌ ကြုံတွေ့နေရသော အတားအဆီးများအားလုံးကို ရှင်းလင်းဖယ်ရှားပေးနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီးပွားရေးကုမ္ပဏီအကြီးအကဲများ၏ ဆွေးနွေးပွဲတစ်ရပ်တွင် ဆင်းကပြောကြားသည်။**

### စံနမူနာ

အိန္ဒိယကုမ္ပဏီများသည် တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ စံနမူနာကိုရယူကာ လုပ်ဆောင်သင့်ကြကြောင်း၊ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်ရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုတို့အရ တရုတ်နိုင်ငံ၏ စံနမူနာ ကောင်းများကို မိမိတို့၏ လုပ်ငန်းဆောင်ပုဒ်များအဖြစ်သို့ ပြောင်းလဲပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းကာ လုပ်ငန်းများတိုးချဲ့ကြရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်၏ ပြောကြားချက်ကို ကိုးကားလျက် အင်ဒိုအေးရှန်းသတင်းဌာနက သတင်းထုတ်ပြန်သည်။

အိန္ဒိယကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်မှုသည် သာမန်တိုးတက်မှုမှသည် အထူးတိုးတက်မှုအထိ၊ ပြည်တွင်း၌လုပ်ကိုင်ခြင်းမှသည် ပြည်ပသို့ တိုးချဲ့ကာ လုပ်ကိုင်ခြင်းအထိ တိုးတက်မှုရှိအောင် ကြိုးပမ်းကြသင့်ကြောင်း အစိုးရနှင့်စက်မှုလုပ်ငန်းရှင်ကြီးများ ပူးတွဲကျင်းပသော အဆိုပါဆွေးနွေးပွဲတွင် ဆင်းကပြောကြားသည်။

### ပုဂ္ဂလိကကဏ္ဍ

အိန္ဒိယနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အချက်နှင့်ပတ်သက်၍လည်း ဝန်ကြီးချုပ်က အလေးအနက်ပြောကြားသည်။ ပုဂ္ဂလိက ကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများသည်ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့လုပ်ကိုင်နိုင်ရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံသည် အနာဂတ်ကာလ၌ အောင်မြင်မှု ရရှိသော စီးပွားရေးလုပ်ငန်းများကို ပိုမိုတွေ့မြင်လာနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

### လက်တွဲဆောင်ရွက်

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးအရည်းဆောင်နိုင်စွမ်းတိုးတက်စေရန်လည်းကောင်း၊ပြည်သူပိုင် အရင်းအမြစ်များကို ပိုမိုထိရောက် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်စေရန် လည်းကောင်း မိမိတို့အစိုးရက လက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***






## ကမ်းလွန်ရေနံတူးစင်

**ရုရှားနိုင်ငံပိုင် ရို့စ်နက်ဖ်ရေနံကုမ္ပဏီ၏ ကမ်းလွန်ရေနံတူးစင်ကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ရက်သတ္တပါတ်ကြာ ပျောက်နေသူတစ်ဦး ပြင်သစ်မြေအောက်ဂူအတွင်း အသက်ရှင်လျက်ပြန်တွေ့

**ပါရီ ဇန်နဝါရီ ၂၄**

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းတွင် ရက်သတ္တပါတ်ကြာ ပျောက်နေသူ မစ္စတာဂျီဆူအာဗာ့ချ်က သူတစ်ယောက်တည်းအေးအေးဆေးဆေး နေလိုကြောင်း ဇနီးဖြစ်သူအား ပြောကြားပြီး နေအိမ်မှထွက်သွားခဲ့ရာမှ ပျောက်ဆုံးနေခဲ့သည်။ ယခုအခါ သူ့ကိုမြေအောက်ဂူထဲမှအသက်မသေဘဲပြန်တွေ့ရသည်။

**– အသက်ရှင် –**

သူသည် သစ်သားနှင့်ရွှံ့စေးများကိုစားပြီး အသက်ရှင်ရခြင်းဖြစ်သည်ဟု မစ္စတာဂျီဆူအာဗာ့ချ်က ရဲတပ်ဖွဲ့ကို ပြောပြသည်။

အများပြည်သူတို့ သွားရောက်ခွင့် ပိတ်ပင်ထားသည့် အဆိုပါ ဂူများကို စူးစမ်းသည့်ဆယ်ကျော်သက် လူငယ်များကြောင့်သာ သူ့ကိုအသက်ရှင်လျက်ပြန်တွေ့ရခြင်းဖြစ်သည်။ မစ္စတာဂျီဆူအာဗာ့ချ်သည် စိတ်ဓာတ်ကျဆင်းပြီး ဒီဇင်ဘာ ၁၈ ရက်က နေအိမ်မှထွက်ခွာသွားခဲ့သည်။ သူသည် ဂျစ်ကားတစ်စီးဖြင့် မြေအောက် လိုဏ်ဂူများရှိသော လူမနီးသည့် မှိုစိုက်ပျိုးရေးဒေသသို့ သွားရောက်ခဲ့သည်။ သို့သော် မြေအောက်လိုဏ်ဂူ၌ မည်းမှောင်နေမှုကြောင့် လမ်းပျောက်သွားပြီး ၃၅ ရက်တိုင် အသက်ရှင်အောင် မှိုအကြွင်းအကျန်များ ဖြစ်ကောင်းဖြစ်နိုင်သည့် သစ်သားနှင့် ရွှံ့စေးများကို စားခဲ့ရသည်ဆို၏ ။

**– စူးစမ်း –**

ကြာသပတေးနေ့တွင်မူ အဆိုပါ ပြည်သူများအား သွားခွင့်ပိတ်ပင်ထားသည့် မြေအောက်လိုဏ်ဂူများသို့ စူးစမ်းလေ့လာရန် သွားရောက်သောကျောင်းသားများက အခါမမျှော်လင့်ဘဲ သူ့ဂျစ်ကားကိုတွေ့ရပြီးနောက်သောကြာနေ့က ရဲတပ်ဖွဲ့ထံ အကြောင်းကြားခဲ့သည်။ မြေအောက်ဂူတွင်း လမ်းများကို ပိုက်စိပ်တိုက်ရှာဖွေသောအခါ မစ္စတာ ဂျီဆူအာဗာ့ချ်အား တွေ့ရခြင်းဖြစ်သည်။ ပိန်ချုံးပြီး ဆံပင်စုတ်ဖွားမသပ်မရပ်ဖြစ်နေသော်လည်းသူသည် အသက်ရှင်လျက်ရှိသည်ကို တွေ့ရသည်။ သူသည် သေရွာပြန်တစ်ဦးလိုပင်ဖြစ်ကြောင်း အရာရှိတစ်ဦးက သတင်းစာတစ်စောင်သို့ ပြောကြားလိုက်သည်။ ***အင်တာနက်။***



# အမေရိကန်အရှေ့မြောက်ဘက်ပိုင်းတွင် နှင်းမုန်တိုင်းကျရောက်

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံအရှေ့မြောက်ဘက်တွင် ဇန်နဝါရီ၂၂ ရက်က နှင်းမုန်တိုင်းတစ်ခုကျရောက်ခဲ့သည်။ ထိုနှင်းမုန်တိုင်းကြောင့် ရာပေါင်းများစွာသော လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းလိုက်ရပြီး အဝေးပြေးလမ်းမများတွင် ယာဉ်သွားလာမှုများ ရပ်ဆိုင်းသွားကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဆောင်းရာသီတွင် ပထမဆုံးကျရောက်သော နှင်းမုန်တိုင်းဖြစ်ပြီး အရှေ့မြောက်ဒေသများကို ဇန်နဝါရီ ၂၂ ရက် နေ့လယ်ပိုင်းတွင် ကျရောက်ခဲ့သည်။ ထိုနှင်းမုန်တိုင်းကျရောက်မည့်ဒေသများကို သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

### သတိပေး

နယူးယောက်မြို့နှင့် နယူးဂျာစီမြို့တို့တွင် နေထိုင်သူများကို နှင်းမုန်တိုင်းကျရောက်စဉ် အဝေးပြေးလမ်းမကြီးနှင့် လမ်းမများပေါ်မထွက်ကြရန် သတိပေးထားသည်။ နှင်းများကို အရေးပေါ်ရှင်းလင်းပြီးမှသာ ဆက်လက် ခရီးနှင်ကြရန် ဒေသခံတာဝန်ရှိသူများက တိုက်တွန်းထားသည်။

### နှောင့်နှေး

ထိုနှင်းမုန်တိုင်းကြောင့်နယူးယောက်၊ ဘော်စတွန်၊ ဖီလာဒဲလ်ဖီးယားနှင့် ချီကာဂိုမြို့ရှိ လေဆိပ်များတွင် ထောင်ပေါင်းများစွာသော လေယာဉ်ခရီးစဉ်များဖျက်သိမ်းခဲ့ရပြီး ရာပေါင်းများစွာသော လေယာဉ်များ လေဆိပ်များသို့ မဆင်းသက်နိုင်ဘဲ နှောင့်နှေးခဲ့ရကြောင်း သိရသည်။

### ပြင်းထန်

ထိုနှင်းမုန်တိုင်းသည် အနောက်အလယ်ပိုင်းမှ ဖြတ်သန်းလာပြီး အရှေ့မြောက်ဘက်ဒေသသို့ ကျရောက်လာသော နှင်းမုန်တိုင်းဖြစ်သည်။ အနောက်မြောက်ဘက်ဒေသဖြစ်သော ဝက်စ်ကွန်ဆင်ဒေသနှင့် မီချီဂန်ဒေသတို့တွင် နှင်းမုန်တိုင်းကြောင့် နှင်းထု၏အထုသည် တစ်ပေခန့်မြင့်တက်ခဲ့ပြီး ထိုမှအိုင်အိုဝါဒေသဆီသို့ ဖြတ်သန်းတိုက်ခိုက်လာသော လေသည်တစ်နာရီလျှင် မိုင် ၆၀ ကျော်အထိ ပြင်းထန်ကြောင်းသိရသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

# မျိုးပျောက်လုနီးပါးဖြစ်သော ယူရေးရှားဇီးကွက်မျိုး နီပေါတွင်တွေ့ရှိ

**ခတ္တမန္ဒူ ဇန်နဝါရီ ၂၄**

နီပေါနိုင်ငံ ဟိမဝန္တာတောင်တန်းတွင် ငှက်မျိုးသစ်တစ်မျိုးကို တွေ့ရှိခဲ့ရကြောင်း သိပ္ပံလေ့လာရေးအဖွဲ့က ပြောကြားသည်။ ထိုငှက်သည် ဘူဘိုဘူဘိုမျိုးရင်း၏မျိုးစိတ်မှဖြစ်ကြောင်း လေ့လာရေးအဖွဲ့ခေါင်းဆောင် မက်ဒူချီထရီက ပြောကြားသည်။

ဘုရင်မဟိန္ဒြာ သဘာဝထိန်းသိမ်းရေးအဖွဲ့က နီပေါနိုင်ငံ ဟိမဝန္တာတောင်ကြောအတွင်း လေ့လာတွေ့ ရှိခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့သည် ယူရိုအာရှဒေသနေဘူဘိုဘူဘို ဟိမာချာလာနားခေါ် ပျောက်ကွယ်လုရှိပြီဖြစ်သော ဇီးကွက်ငှက်တစ်မျိုးကို ဖော်ထုတ်တွေ့ရှိခြင်းဖြစ်သည်။ ထိုငှက်ကို ခတ္တမန္ဒူမြို့တော်အနောက်မြောက်ဘက် ကီလိုမီတာ ၄၅၀ အကွာ ဟာလန်မြစ်၏ အထက်ပိုင်းမာစတန်းအရပ်တွင် ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။ တွေ့ရှိရာဒေသမှာ ပင်လယ်ရေမျက်နှာပြင်မှ မီတာ ၄၉၀၀ အမြင့်တွင် ဖြစ်သည်။

ထိုငှက်တွေ့ရှိမှုကို ငှက်မျိုးများဆိုင်ရာ ကျွမ်းကျင်သူ ကာရောအင်စကစ်နှင့် ကင်အင်စကစ်တို့က စိစစ်လေ့လာပြီးနောက် အတည်ပြုခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဇီးကွက်မျိုးများမှာ နေထိုင်ကျက်စားရာဒေသများ ကျဉ်းမြောင်းသွားမှုနှင့် ပိုးသတ်ဆေးများအရမ်းမဲ့သုံးစွဲမှုတို့ကြောင့် မျိုးပျောက်မည့်အန္တရာယ်နှင့်ကြုံတွေ့ နေရသည့် ယူရေးရှားဇီးကွက်မျိုးဖြစ်ကြောင်း ချီထရီက ပြောကြားသည်။ ထိုငှက်မျိုးများမှာ မော်တော်ကားလမ်း၊ ရထားလမ်းနှင့် ဓာတ်အားပို့လွှတ်ရာ ဓာတ်ကြိုးလိုင်းတွင်မတော်တဆမှုများကြောင့် သေဆုံးကြရလေ့ရှိသည်။ ထိုအဖြစ်အပျက်များ မတိုင်မီက ယူရေးရှားဇီးကွက်များကို အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံများရှိ အမြင့်မီတာ ၃၀၀၀ ကျော်နှင့် ၄၃၀၀ မီတာအကြားရှိ တောင်တန်းဒေသများတွင် အတွေ့ရများကြောင်း သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ကမ္ဘာလှည့်ခရီးသည်တစ်သန်း တန်ဇန်းနီးယားမျှော်မှန်းထား

**ဒါရက်ဆလမ် ဇန်နဝါရီ ၂၄**

တန်ဇန်းနီးယားနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်အရောက်တွင် တစ်နှစ်လျှင် ကမ္ဘာလှည့်ခရီးသည် တစ်သန်းကို ဆွဲဆောင်ရန် မျှော်မှန်းထားကြောင်း မီဒီယာ သတင်းများကဖော်ပြသည်။

၁၉၉၃ခုနှစ်နှင့် ၂၀၀၃ခုနှစ် အကြားတွင် နှစ်စဉ်ခရီးသည် လာရောက်မှုပျမ်းမျှတိုးတက်နှုန်း ၁၅ ရာခိုင်နှုန်းရှိသည်။၁၉၉၃ ခုနှစ်တွင်ခရီးသည်၂၃၀၆၆ ဦးလာရောက်ပြီး ၂၀၀၃ ခုနှစ်တွင် ၅၇၆၁၉၈ ဦးလာရောက်ခဲ့ကြောင်း တန်ဇန်းနီးယား သဘာဝအရင်းအမြစ်များနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းဇယားများတွင်ဖော်ပြထားသည်။

ခရီးသည်လာရောက်မှုမှာ တစ်နှစ်လျှင် ပျမ်းမျှ ၁၅ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းအကြား တိုးမြင့်လာပါက ၂၀၁၀ ပြည့်နှစ်အရောက်တွင် တစ်နှစ်လျှင်ခရီးသည်တစ်သန်း ရနိုင်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဆောင်လ်မွန်အိုဒွန်ဂါက ပြောကြားသည်။

တန်ဇန်းနီးယားနိုင်ငံတွင် ခရီးသည်များ လာရောက်မှုမြင့်တက်လာသည်နှင့်အညီ ခရီးသွားလုပ်ငန်းသည်လည်း အရေးပါသော စီးပွားရေးမဏ္ဍိုင်တစ်ရပ်ဖြစ်လာသည်။

ခရီးသွားလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းပြီးလျှင် ဒုတိယအရေးပါသော နိုင်ငံ့ စီးပွားရေးကဏ္ဍဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ကမ္ဘာ့ဈေးကွက်တွင် ၂၀၀၄ ခုနှစ်အတွင်း ပီစီကွန်ပျူတာအလုံးပေါင်း ၁၇၇ ဒသမ ၅ သန်းရောင်းချခဲ့ရာ ၂၀၀၃ ခုနှစ်ကထက် ၁၄ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုရောင်းချခဲ့ရသည်။ တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ ကွန်ပျူတာရောင်းချသော ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ပနားမားနိုင်ငံတွင် ကိုကင်းနှစ်တန်ဖမ်းမိ

**ပနားမား ဇန်နဝါရီ ၂၃**

ကိုလံဘီယာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးနှိမ်နင်းရာ ကိုကင်းနှစ်တန်ကို ဖမ်းဆီးရမိခဲ့သည်ဟု ပနားမားနိုင်ငံ၏ အမျိုးသားရေကြောင်းဌာန(အက်စ်အမ်အင်)မှ ညွှန်ကြားရေးမှူး ရီကာဒိုစာရိဒ်က ဇန်နဝါရီ ၁၉ရက်တွင် ပြောကြားသည်။

ပနားမားနိုင်ငံအနီး အုရားဘားပင်လယ်ကွေ့တွင် ဇန်နဝါရီ ၁၇ ရက်က ရှာဖွေခဲ့ရာကိုကင်းများကိုဖမ်းမိခဲ့ကြောင်း၊ ကိုကင်းမှောင်ခိုသမားများမှာ မော်တော်ဘုတ်ဖြင့် ထွက်ပြေးသွားကြကြောင်း စာရိဒ်က ပြောကြားသည်။

ကိုကင်းဖမ်းဆီးရေးတွင် ပနားမား၊ ကိုလံဘီယာနှင့် အမေရိကန်နိုင်ငံတို့ သတင်းဖလှယ်ကာ ပူးပေါင်းလှုပ်ရှားခဲ့ကြကြောင်း ၎င်းကဆိုသည်။ အဆိုပါအမှုတွင် ကိုကင်းမှောင်ခိုသမား တစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးရမိခြင်းမရှိသေးကြောင်းနှင့် ဆက်လက်စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

# စိုက်ပျိုးမြေသယံဇာတ အရည်အသွေးကောင်းအောင် သဘာဝမြေဩဇာကိုဆောင်

**ဟိန်းထွဋ်**

ကမ္ဘာမြေပေါ်ရှိ သတ္တဝါအားလုံးသည် သန့်ရှင်းသောရေကို သောက်သုံး၍ လေကိုရှူရှိုက်ကာ ဘဝရှင်သန်ရေးအတွက် ရပ်တည်နေကြရသည်။ လူသတ္တဝါတို့သည် ကမ္ဘာမြေပေါ်တွင် ရပ်တည်ကာ ရေနှင့်လေကို သောက်သုံးရှူရှိုက်နေရုံသာမက ဘဝရှင်သန်ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းများတွင်ပါ အသုံးချနေထိုင်ကြရသည်။ အလားတူပင် သီးပင်စားပင်နှင့် သဘာဝပေါက်ပင်တို့မှာလည်း သင့်တင့်လျောက်ပတ်သည့် သဘာဝအရင်းအမြစ်များဖြစ်သည့် မြေဆီလွှာတွင် ရေ၊ လေနှင့်အပူ အအေးဓာတ်သဘာဝကို မှီ၍ရှင်သန်နေရသည်။ ကမ္ဘာမြေပြင်ပေါ်တွင် မြေဆီလွှာ၊ လေနှင့်ရေသာ မရှိလျှင်သော်လည်းကောင်း၊ အရည်အသွေး နိမ့်ကျပျက်စီးလျှင်သော်လည်းကောင်း အသီးအနှံများဖြစ်ထွန်းတော့မည် မဟုတ်သကဲ့သို့ အသီးအနှံကို မှီဝဲစားသောက်နေရသော သက်ရှိသတ္တဝါများလည်း အသက်ရှင်ရပ်တည်နိုင်တော့မည် မဟုတ်ပေ။

မြေသယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံတွင် စပါးစိုက် ဧရိယာမှာ အများဆုံးဖြစ်ပြီး ကြံ၊ ဂုန်လျှော်၊ ဆီထွက်သီးနှံ၊ ဝါ၊ ပဲမျိုးစုံနှင့် အခြားသီးနှံများကိုလည်း စိုက်ပျိုးထားပါသည်။ ထို့ပြင် နိုင်ငံတစ်ဝန်းရှိ ကျန်မြေများတွင် ပလပ်မြေ၊ မြေရိုင်း၊ သစ်တောမြေ၊ စားကျက်မြေများနှင့် အခြားမြေများ ပါဝင်လျက်ရှိသည်။ တိုင်းပြည်နိုင်ငံတစ်ခုသည် လူဦးရေတိုးပွားရေး၊ ကုန်ထုတ်လုပ်မှု တိုးပွားရေးလုပ်ဆောင်နိုင်သော်လည်း နိုင်ငံအတွင်းရှိ မြေဧရိယာများကိုမူ တိုးပွားအောင်မပြုနိုင်သည့်အတွက် ကောက်ပဲသီးနှံအထွက်တိုးရန် မျိုးကောင်းမျိုးသန့် သုတေသနလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ပိုးမွှားရောဂါကာကွယ်ဆေးများ ဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ တီထွင်ခြင်းတို့သာမက ဓာတ်မြေဩဇာ တွင်ကျယ်စွာသုံးစွဲစေခြင်းကိုပါ လုပ်ဆောင်လာခဲ့သည်။

လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း စက်မှု၊ စိုက်ပျိုးမှု ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စိုက်ပျိုးရေးအတွေးအခေါ်သစ်များ၊ စက်ပစ္စည်းသစ်များ၊ ဓာတုစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်း များနှင့်အတူ မြေနှင့်သဘာဝအရင်းအမြစ်တို့အား လိုအပ်သည်ထက် ပိုလွန်အသုံးချမှုများကြောင့် ဖြစ်ပေါ်သောဘေးထွက် ဆိုးကျိုးများသည် ပြင်းထန်စွာရိုက်ခတ်လာသည်။ သဘာဝပစ္စည်းများနှင့် ရိုးရာနည်းပညာများ ဆုံးရှုံးနစ်နာထိခိုက်ပြီး သဘာဝမဟုတ်သော ဓာတုပစ္စည်းများဖြင့် ပြုပြင်စီမံထားသည့် ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများအပေါ် လွန်ကဲစွာမှီခိုအားထားမှုများကြောင့် သဘာဝအရင်းအမြစ်အားလုံး၏ အရည်အသွေးနိမ့်ကျပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အခြားဖွံ့ဖြိုးပြီးတိုင်းပြည်များကဲ့သို့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို လွန်ကဲစွာသုံးစွဲမှု မရှိသေးသည့်အတွက် သဘာဝအရင်းအမြစ်အားလုံး၏ အရည်အသွေးနိမ့်ကျပျက်စီးမှုမရှိသေးသော်လည်း အရှည်ကိုမြော်တွေးကာ ၂၀၀၂ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က မြေဩဇာဥပဒေကို နိုင်ငံတော်က ထုတ်ပြန်ခဲ့ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအားထားသုံးစွဲနေသည့် N.P.K ဖြစ်သည့် နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်နှင့်ပိုတက်စီယမ် ပါဝင်သော ဓာတ်မြေဩဇာသုံးမျိုးတို့တွင် နိုက်ထရိုဂျင်နှင့်ဖော့စ်ဖရပ် ပါဝင်သော ဓာတ်မြေဩဇာကိုလွန်ကဲစွာသုံးစွဲခြင်းမှ ရှောင်ကြဉ်ရသည့် အကြောင်းရင်းမှာ အပင်များမှ စုပ်ယူနိုင်ခြင်းမရှိတော့သည့် ပိုလျှံသောနိုက်ထရိတ်များသည် မြေအောက်ရေထဲသို့ စီးဆင်းပျော်ဝင်သွားပြီး ရေအောက်လွှာကို ညစ်ညမ်းစေပါသည်။ အလားတူ စုပ်ယူနိုင်ခြင်းမရှိသည့် ပိုလျှံသော ဖော့စ်ဖရပ်ဓာတ်များသည် ရေကန်များ၊ မြစ်များ၊ ရေလှောင်ကန်များသို့ ကျရောက်ပြီး ရေညှိနှင့်ရေမှော်ပင်များ ပေါက်ပွားစေခြင်းဖြင့် ရေတွင်အောက်စီဂျင် ကုန်ခန်း၍ ငါးသတ္တဝါတို့နှင့် အောက်စီဂျင်လိုအပ်သည့် ရေအောက်အပင်များ သေဆုံးစေပါသည်။ မြန်မာတောင်သူလယ်သမားများက "ဓာတ်ဆား" သို့မဟုတ် "ပိုတက်" ဟုသာခေါ်ဝေါ် သုံးစွဲလေ့ရှိသည့် ပိုတက်စီယမ်မှာ နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်တို့နှင့်မတူဘဲ ပတ်ဝန်းကျင်အားဘေးအန္တရာယ်ကင်းစေပြီး စိုက်ပျိုးထုတ်ကုန် ပစ္စည်းများ၏ ထွက်နှုန်းနှင့် အရည်အသွေးတိုးတက်စေပါသည်။ ပိုတက်စီယမ်သည် သစ်သီးများတွင် ဗိုက်တာမင်စီနှင့် သကြားပါဝင်မှုမြင့်စေခြင်း၊ အစေ့နှင့်သစ်ဥ၊ သစ်ဖုတို့တွင်ပါဝင်သော ကစီဓာတ်တိုးမြင့်စေခြင်း၊ အစေ့များတွင်ပရိုတင်းနှင့် အဆီဓာတ်တို့မြင့်မားစွာ ပါဝင်စေခြင်း စသည်တို့ကြောင့် အစေ့အဆန်များ၊ သစ်ဥ၊ သစ်ဖုများနှင့်သစ်သီးများ၏ အာဟာရဓာတ် အရည်အသွေးတိုးတက်စေပါသည်။

ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေပျက်စီးခြင်း၊ အန္တရာယ်မကင်းသော အစားအစာများ ထုတ်လုပ်ခြင်း၊ ရေညစ်ညမ်းခြင်း၊ ရေမြေသဘာဝ အရည်အသွေးလျော့ကျခြင်းနှင့် ထိန်းသိမ်း ထားနိုင်စွမ်းမရှိတော့သော စိုက်ပျိုးရေးလုပ်ငန်းများကြောင့် ဖြစ်ပေါ်သောရောဂါများ၊ အမျိုးသားရေးဆိုင်ရာပြဿနာများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာမသုံးဘဲ သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာတို့ကို စွဲမြဲစွာသုံးစွဲသွားရန်လိုအပ်ပါသည်။ သဘာဝမြေဩဇာမှာ သက်ရှိသတ္တဝါနှင့် အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကို ဆွေးမြည့်စေပြီး ပြုပြင်စီမံ၍ရရှိသော ပစ္စည်းများပင်ဖြစ်သည်။ အလားတူပင် ပတ်ဝန်းကျင်ကို မထိခိုက်စေသည့် မြေဩဇာတစ်မျိုးမှာ ဇီဝမြေဩဇာဖြစ်ပြီး ယင်းမြေဩဇာကိုအပင်များရှင်သန်ကြီးထွားရေးအတွက် အကျိုးပြု သက်ရှိများဖြစ်သည့် ဘက်တီးရီးယား၊ မှိုစသည်တို့ဖြင့် ပွားများထုတ်လုပ်ထားခြင်းပင်ဖြစ်သည်။ သဘာဝမြေဩဇာများ၊ သစ်ရွက်ဆွေးများ၊ (Compost)နှင့် ဇီဝမြေဩဇာတို့ကို ပတ်ဝန်းကျင်ပြုပြင်ထိန်းသိမ်းရေးအတွက် စနစ်တကျ အသုံးချစိုက်ပျိုး လုပ်ကိုင်သည့်လုပ်ငန်းသည် သဘာဝမြေဩဇာသုံးစိုက်ပျိုးရေး (Organic Farming) ပင်ဖြစ်သည်။ သဘာဝမြေဩဇာသုံးစွဲခြင်းဖြင့် လူတို့ရိက္ခာဖူလုံစွာဖြင့် ကျန်းမာရွှင်လန်းစွာနေနိုင်သည့်အပြင် အခြားအကျိုးပြုသည့် သက်ရှိသတ္တဝါပိုးမွှားများ၊ သဘာဝပတ်ဝန်းကျင် သစ်ပင်ပန်းမန်တို့ ဖြစ်ထွန်းရှင်သန်ကြီးထွားနိုင်အောင် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းပေးနိုင်ပါသည်။

ဂျပန်နည်းပညာဖြင့် ပြုလုပ်ထားသော အီးအမ်(EM)Effective Micro-Organism ဖျော်ရည်များကို ၁၉၉၀ ပြည့်နှစ်အတွင်းက မြန်မာနိုင်ငံအတွင်းသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှတစ်ဆင့် တောင်သူလယ်သမား၊ စိုက်ပျိုးရေးသမားများထံ စမ်းသပ်သုံးစွဲရန် အကူအညီအဖြစ် ရောက်ရှိလာခဲ့သည်။ အီးအမ်(EM)မှာ သီးနှံအထွက်တိုးစေသည့် အကျိုးပြုအဏုဇီဝသက်ရှိများဖြစ်သော မှိုမျှင်၊ ဘက်တီးရီးယားနှင့် တဆေးတို့ပါဝင်သည့် ဖျော်ရည်ဖြစ်သည်။ ယင်းတို့သည် မြေကြီး၏ ရူပဓာတုနှင့်ဇီဝအခြေအနေ အရည်အသွေးကောင်းမွန်၍ အပင်ကိုဒုက္ခပေးသည့် မှိုနှင့် ဘက်တီးရီးယားတို့အား တိုက်ခိုက်ပေးသည့်အတွက် ကျန်းမာရေးကို ပိုမိုကောင်းမွန်စေနိုင်ပါသည်။ အကျိုးကျေးဇူးအဖြစ် သီးနှံများ၏ အစာချက်လုပ်စွမ်းအားကို အားဖြည့်ပေးကာ အပင်ကြီးထွားနှုန်း၊ အထွက်နှုန်းနှင့် အရည်အသွေးကို ပိုမိုကောင်းမွန်စေပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ထရိုင်ခိုဒါးမားမှို (Trichoderma Harzianum) သည် ကပ်ပါးမှိုတစ်မျိုးဖြစ်ပြီး သီးနှံမြေအောက်ရောဂါများကို ကာကွယ်နှိမ်နင်းရာတွင်လည်းကောင်း၊ မြေဆွေးပုံများ လျင်မြန်စွာ ဆွေးမြည့်စေရေးကို အထောက်အကူပြုပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။ အလားတူပင် ကြံမြှုပ်ချေးအခြေခံသဘာဝမြေဩဇာသည် မြေကိုသဘာဝအတိုင်း အာဟာရဓာတ်ကြွယ်ဝစေပြီး မြေတွင်အစိုဓာတ်နှင့်အပူချိန်ကို ထိန်းသိမ်းပေးနိုင်သောကြောင့် သဘာဝမြေဩဇာသုံး စိုက်ပျိုးရေးသမားများအတွက် အထူးအသုံးဝင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ထုတ်လုပ်သည့် သဘာဝ အော်ဂဲနစ်ငါးမြေဩဇာအရည်မှာ ငါးနှင့်ငါးစွန့်ပစ်ပစ္စည်းများဖြစ်သော အရိုး၊ ခေါင်း၊ အကြေးခွံ၊ အူ၊ သည်းခြေတို့ကို အခြေခံ၍ ပြုလုပ်ထားသော မြေဩဇာဖြစ်သည်။ သဘာဝမြေဩဇာ အမျိုးမျိုးရှိသည့်အနက် ငါးမြေဩဇာအရည်တွင် ပါဝင်သည့် အမိုင်နိုအက်စစ် (Amino Acids)သည် အပင်များရှင်သန် ကြီးထွားရန် အထူးလိုအပ်သော အော်ဂဲနစ်အက်စစ် တစ်မျိုးဖြစ်သည့်အတွက် မြေဆီမြေနှစ်ကို အထူးကောင်းမွန်စေ၍ သီးနှံအထွက်နှုန်းတိုးတက်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု မရှိသောကြောင့် ရေရှည်တွင် အကျိုးဖြစ်ထွန်းစေပါသည်။ မြန်မာနိုင်ငံတွင် သဘာဝမြေဩဇာတစ်မျိုးဖြစ်သည့် ငါးမြေဩဇာအမျိုးမျိုးတို့ကို ထုတ်လုပ်သုံးစွဲနိုင်သည်ဖြစ်ရာ သဘာဝမြေဩဇာနှင့် ဇီဝမြေဩဇာ အမျိုးမျိုးကို မြန်မာနိုင်ငံရှိ လယ်ယာဥယျာဉ်ခြံ စိုက်ပျိုးသူအားလုံး ယုံကြည်စိတ်ချစွာ အသုံးပြုရမည့် မြေဩဇာဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် လူဦးရေ၅၃ သန်းကျော်ရှိသည့်အနက် ပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်း ကုန်ထုတ်လုပ်ငန်း မှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍ၏ အဓိကရည်မှန်းချက်မှာ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပဈေးကွက်ကို ဖြည့်တင်းနိုင်ရေးဖြစ်သည်။ မြန်မာနိုင်ငံသည် မြေသယံဇာတကိုအသုံးချ၍ စိုက်ပျိုးရေးကဏ္ဍကို အလေးထားဆောင်ရွက်သည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းကာကွယ်ခြင်း၊ ကြိုးဝိုင်းတောများ တိုးချဲ့ဖွဲ့စည်း ခြင်းနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းခြင်း လုပ်ငန်းများကိုပါ အလေးထားဆောင်ရွက်လျက်ရှိသည်။**

**နိုင်ငံတော်က တိုင်းနှင့်ပြည်နယ်ရှိ မြေလွတ်မြေရိုင်းများတွင် သီးနှံများကို တိုးချဲ့စိုက်ပျိုးခြင်းနှင့် ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရှေးယခင်ကကဲ့သို့ ဆန်စပါးအစရှိသည့် သီးနှံတစ်မယ်၊ နှစ်မယ်သာ နိုင်ငံခြားသို့ တင်ပို့ခြင်းမဟုတ်တော့ဘဲ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ကြက်ဆူစေ့၊ တမာ၊ လက်ဖက်ခြောက်၊ ရဲယိုသီး၊ ထောပတ်သီး၊ ပီလောပီနံ၊ သရက်သီး၊ သံပရာသီးတို့ကိုပါ တင်ပို့ရောင်းချလျက်ရှိပါသည်။**

အထူးသဖြင့် သဘာဝမြေဩဇာသုံးပြီး ပိုးသတ်ဆေးမသုံးသည့် စိုက်ပျိုးရေးခြံများမှထွက်ရှိသော ကောက်ပဲသီးနှံများမှာ အရည်အသွေးကောင်းမွန်ပြီး ပိုးသတ်ဆေးအကြွင်းအကျန်မရှိသည့် ကောက်ပဲသီးနှံတို့အပေါ် ပြည်ပမှ ယုံကြည်မှု အပြည့်အဝရှိသဖြင့် အခြားဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးသည့် ကောက်ပဲသီးနှံတို့ထက် လိုလိုလားလား ဈေးပိုပေးကာ ဝယ်ယူ သုံးစွဲလိုကြသည်။ **မြန်မာနိုင်ငံအနေဖြင့် စက်မှုထွန်းကားပြီး နိုင်ငံများကဲ့သို့ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲမှုမရှိသေးသောကြောင့် သဘာဝအရင်းအမြစ်များ၏ အရည်အသွေးသည် နိမ့်ကျမှုမရှိသေးသည့်အတွက် သဘာဝမြေဩဇာသုံးစိုက်ပျိုးရေး (Organic Farming) စနစ်သို့ လွယ်ကူစွာ ကူးပြောင်းပေးနိုင်ပြီး ပို့ကုန်တန်ဖိုးတိုးမြှင့်လာနိုင်ပါသည်။**

နိုင်ငံတော်က သဘာဝရေရရှိရေး၊ မြေသယံဇာတများကို အစွမ်းကုန်ဖော်ထုတ်ရေး၊ မျိုးကောင်းမျိုးသန့်များ ဖော်ထုတ်သုံးစွဲရေးတို့ ဖော်ဆောင်ပေးလျက်ရှိရာ လယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်းကုန်ထုတ် လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် ၇၀ ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်ဒေသနေ တောင်သူလယ်သမား ပျိုးဥယျာဉ်သမားတို့သည် စိုက်ပျိုးမြေ၊ ရေစသည့်သဘာဝအရင်းအမြစ်အားလုံး၏ အရည်အသွေး နိမ့်ကျပျက်စီးမှုဖြစ်ပေါ်စေရန် သဘာဝမြေဩဇာနှင့်ဇီဝမြေဩဇာတို့ကို အကျိုးရှိရှိအသုံးပြုပြီး သီးနှံအထွက်တိုးရေး ပြည်တွင်းစားသုံးမှုဖူလုံရေးသာမက ပြည်ပပို့ကုန်တိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



## ကြည့်ရှုစစ်ဆေး

**ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်း အလင်းရောင်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၂၃၂၅၀၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့ရာ လမ်းပြီးစီးမှုအခြေအနေကို ဒီဇင်ဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးလေးလွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးညီညီသန့်တို့ ကြည့်ရှုစစ်ဆေးစဉ်။** (နယ်စပ်စည်ပင်)

## ရွှေပြည်ဟိန်း ဇီဝိတဒါနအလှူ

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်သော ကုသိုလ်ဖြစ်ဆေးခန်း၌ အလှူတော်ငွေများ လှူဒါန်းလျက်ရှိကြရာ ဇန်နဝါရီ ၂၄ ရက်ညကျင်းပသည့် ဓမ္မပူဇာသဘင်တွင် ဝေဘာဂီလမ်း အနောက်ခြမ်း မြောက်ဥက္ကလာပလူငယ်များက အလှူတော်ငွေ ကျပ်တစ်သိန်း၊ ဦးမိုးကျော်သူ-ဒေါ်ငုဝါလှိုင် ဝေဘာဂီလမ်းက အလှူငွေကျပ်ငါးသောင်းကို ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရထံ လှူဒါန်းကြသည်။ လှူဒါန်းလိုသူများ ရွှေပြည်ဟိန်း ကျောင်းဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၆-၁-၂၀၀၅ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၈:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၀။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၁၅ | ၄။ လက်စွမ်းပြဟန်ဂီတသံ |
| ၄:၂၅ | ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၃၅ | ၆။ မျိုးချစ်တပ်မတော် |
| ၄:၄၅ | ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ |
| ၄:၅၀ | ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၀၀ | ၉။ **အခြေခံပညာရေးပို့ချမှု အစီအစဉ်** - ကံနှင့်ကံ၏အကျိုးဆက် (တတိယနှစ်အရှေ့တိုင်းအထူးပြု) |
| ၅:၃၀ | ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၄၅ | ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၄။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၆။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အင်တာနက်ချစ်သက်လျာ" (အပိုင်း-၅)** |
| ၈:၀၀ | ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၀။ မြန်မာ့ရှုခင်း |
| | ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (အပိုင်း-၁၇)** |
| | ၂၃။ သင့်အတွက်မနက်ဖြန် |
| | ၂၄။ အပိတ်နှုတ်ဆက်စကား |
| | ၂၅။ ပြီးပါပြီ။ |

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း) ဖွင့်ပွဲ တက်ရောက်၍ စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၂၅

**မန္တလေးတိုင်း ရမည်းသင်းမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါစက်ရုံရှေ့ဥပစာ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

အဆိုပါ စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ရမည်းသင်း တပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်လှမြင့်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရမည်းသင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ စည်တော်အဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၀၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဦးအောင်သောင်းနှင့် ဌာနဆိုင်ရာများသည် စက်ရုံမုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် အမှတ်(၁)စက်မှု ဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်တို့က ဖဲကြိုးဖြတ်၍ စက်ရုံကို ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စက်ခလုတ်နှိပ်၍ အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း) ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဦးအောင်သောင်း၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များသည် အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း) ၌ တပ်ဆင်ထားသော စက်ပစ္စည်းများနှင့် ရက်ကန်းစင် ၄၀၀ တိုးချဲ့ စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်ရုံဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း) ၏ တည်နေရာ၊ အကောင်အထည်ဖော်သည့် အဖွဲ့အစည်း၊ စက်ရုံတည်ဆောက်ရခြင်း ရည်ရွယ်ချက်၊ တပ်ဆင်ထားသည့်စက်ကိရိယာများ၊ အဓိက ကုန်ကြမ်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုစွမ်းအား၊ ရင်းနှီးမြှုပ်နှံမှု အခြေအနေနှင့် နှစ်စဉ်သွင်းအားစုလိုအပ်ချက်များနှင့် ဝန်ထမ်းအင်အား အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့အထည်အလိပ် လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က စက်ရုံ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရမည်းသင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက်အလှူငွေကျပ်ငါးသောင်းကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်တင့်အားလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် အလှူငွေ ကျပ်ငါးသောင်းကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သောင်းရီအားလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွက် အလှူငွေကျပ် ငါးသောင်းကို မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သောင်းအားလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ရမည်းသင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသော်တာဆောင်က စက်ရုံဖွင့်လှစ်ပေး၍ ဒေသခံပြည်သူများ အလုပ်အကိုင် ရရှိခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း) သည် မန္တလေးတိုင်း ရမည်းသင်းမြို့၏ မြောက်ဘက် ငါးမိုင်ကျော်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဘေး၌တည်ရှိပြီး မြေဧရိယာ ၂၆ဒသမ ၄၈ဧက ကျယ်ဝန်းသည်။

### စက် ၂၄ လုံး တပ်ဆင်ထား

ဆေးဆိုးပန်းရိုက်စက်ရုံတွင် ပိတ်ကြမ်းစစ်ဆေးစက်၊ မီးမြိုက်ကော်ချွတ်စက်၊ ဂျစ်ဂါအဖြူချွတ် ဆေးဆိုးစက်၊ အရောင်တင်အခြောက်လှန်းစက်၊ ပိတ်သားအနံဆန့်စက်၊ ပေါင်ပန်းရိုက်စက်၊ ဆေးရောင်ဖော်ရေလျှော် အခြောက်ခံစက်၊ ပိတ်သားပေါင်းတင်စက်၊ ပိတ်အသားသေစက်၊ ပိတ်ချောစစ်ဆေးစက်၊ ပိတ်ခေါက်စက်၊ ဘေထုပ်စက်နှင့် ဘွိုင်လာသုံးတန် အပါအဝင် စုစုပေါင်း စက် ၂၄လုံး တပ်ဆင်ထားရှိသည်။

### ရက်ကန်းစင်စက်ရုံ

ရက်ကန်းစင် ၄၀၀ တိုးချဲ့စက်ရုံတွင် လွန်းပြောင်းရက်ကန်းစင် ၄၀၀၊ ရက်ဖောက်စက် ၁၉လုံး၊ ကော်တင်စက် နှစ်လုံး၊ တိုင်ချည်ရှည်စက် နှစ်လုံး၊ ချည်ကတော့စက် တစ်လုံး၊ ပိတ်စစ်စက်လေးလုံး၊ ပိတ်ခေါက်စက်နှစ်လုံးနှင့် ဘွိုင်လာ သုည ဒသမ ၈ တန် သုံးလုံးတပ်ဆင်ထားရှိသည်။

ထုတ်လုပ်မှု စက်စွမ်းအားအနေဖြင့် တစ်နှစ်လျှင် ပိတ်ညို ကိုက်သိန်းပေါင်း ၃၄ ဒသမ ၅၆ သိန်း၊ အဖြူချွတ်ပိတ်ကိုက် သိန်းပေါင်း ၁၂ ဒသမ ၉၆ သိန်း၊ ဆေးဆိုးပိတ်ကိုက် သိန်းပေါင်း ၁၂ ဒသမ ၉၆သိန်းနှင့် ပန်းရိုက်ပိတ်ကိုက် သိန်းပေါင်း ၈ ဒသမ ၆၄သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

### နယ်မြေဖွံ့ဖြိုး

အဆိုပါစက်ရုံကို နယ်မြေဒေသဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှု အဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ ဒေသတွင်းနေထိုင်ကြသော ပြည်သူများ၏ ဝတ်ရေးကဏ္ဍအား တစ်ပိုင်တစ်နိုင် ဖြည့်ဆည်းပေးနိုင်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ တိုးတက်ရရှိစေရန်၊ ဒေသတွင်းပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲခွင့်ရရှိစေရန်၊ အထည်ရက်လုပ်ခြင်းနှင့် ဆေးဆိုးပန်းရိုက်နည်းပညာမျိုး ပြန့်ပွားလာစေရန် ရည်ရွယ်ချက်များဖြင့် ဆေးဆိုးပန်းရိုက်စက်ရုံကို ၂၀၀၁ ခုနှစ် အောက်တိုဘာ ၂၂ ရက်က လည်းကောင်း၊ ရက်ကန်းစင် ၄၀၀တိုးချဲ့စက်ရုံကို ၂၀၀၃ ခုနှစ် မေ ၃၀ ရက်ကလည်းကောင်း စတင်တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှ ရွှေဝါဆပ်ပြာများ အဆင့်ဆင့်ထုတ်လုပ်နေမှုကို လည်းကောင်း၊ ကာဘော်လစ်၊ ဆန်းလိုက်ဆပ်ပြာ ထုတ်လုပ်နေမှု အဆင့်ဆင့်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွှေးဆပ်ပြာ ထုတ်လုပ်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးအောင်သောင်းနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါစက်ရုံသည် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဘေး မိုင်တိုင် အမှတ်(၃၀၅/၂) နှင့် (၃၀၅/၄) ကြား ရွှေဒါးရှာ အနီး၌တည်ရှိပြီး တန်နေ့လျှင်ဆပ်ပြာ တန် ၄၀ ထုတ်လုပ်လျက်ရှိသည်။ စက်တပ်ဆင်ထားရှိမှု စက်အားမှာ တစ်နေ့လျှင် အဝတ်လျှော်ဆပ်ပြာ တန် ၁၃၂၀၀၊ ကိုယ်တိုက်ဆပ်ပြာ တန် ၁၉၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း) အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

### ဆပ်ပြာစက်ရုံ

စက်ရုံဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝန်ကြီး ဦးအောင်သောင်း လိုက်ပါလျက် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ (ရမည်းသင်း) သို့ ရောက်ရှိကြသည်။



အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)

---

## ဝန်ကြီးဦးဥာဏ်ဝင်း အိန္ဒိယနိုင်ငံ နှစ်ပတ်လည်နေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဥာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေ၊ နတ်ဝါဆင်း ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## ဝန်ကြီးဦးဥာဏ်ဝင်း ဩစတြေးလျအမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပို့

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင်ကျရောက်သည့် ဩစတြေးလျ နိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဥာဏ်ဝင်းထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအလက်ဇန္ဒားဒေါင်နာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

---

## အိုင်စီတီရက်သတ္တပတ် ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅ အထိမ်းအမှတ် အဖြစ် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းကကြီးမှူး၍ ဟောပြောပွဲများကျင်းပလျက်ရှိရာ ဇန်နဝါရီ ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် လှိုင်မြို့နယ် MTCT Park အခန်းအမှတ် (၂၀၅)တွင် Parami Group Co., Ltd ဥက္ကဋ္ဌ ဦးတင်လှိုင်က အဆောက်အအုံ လုံခြုံမှုစနစ်နှင့် ခေတ်မီနည်းပညာများ အသုံးပြုမှု (Smart Home System) အကြောင်းကို လည်းကောင်း၊ မန်နေဂျင်းဒါရိုက်တာ ဦးပြည့်ဝထွန်းက ကွန်ပျူတာကျောက်သင်ပုန်း (Tablet PC) အကြောင်းကိုလည်းကောင်း သရုပ်ပြရှင်းလင်းဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်လေ့လာနိုင်သည်။ (သတင်းစဉ်)




**စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်၂၀၀၅ကို လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပရာ ဇန်နဝါရီ ၂၅ ရက်က Cystem Computer Sales & Service Centre ပြခန်းတွင် ပြပွဲလာပရိသတ်များ ကြည့်ရှုစဉ်။** (က-ပ)

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ပျက်ပြားအောင် ဖန်တီးနေသည့်အဖျက်သမားများ၏ အန္တရာယ်ကို စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တွန်းလှန်ဖယ်ရှား

* ရှေ့ဖုံးမှ

အခမ်းအနားမစတင်မီ နံနက် ၇ နာရီမှစတင်၍ နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှ ခေါင်းဆောင်သော ငါန်းဇွန်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများသည် ဗျူဟာလမ်း မြောက်ဘက်၌လည်းကောင်း၊ နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးအေးကျော်ခေါင်းဆောင်သော နွားထိုး ကြီးမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပြည်သူများသည် ပြင်စည်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌လည်းကောင်း၊ နွားထိုးကြီးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမျိုးမြင့်ခိုင် ခေါင်းဆောင် သော ကျောက်ပန်းတောင်းမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများသည် ဝါနှင့်ပိုးအဝယ် ဒိုင်ရှေ့၌လည်းကောင်း၊ နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးတင်လှိုင် ခေါင်းဆောင်သောပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ သည် ပြင်စည်ရဲစခန်းရှေ့၌လည်းကောင်း၊ နွားထိုးကြီးမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးစိုးမြင့်ခေါင်းဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင် များနှင့် ပြည်သူများသည် ပြင်စည်အခြေခံပညာအထက်တန်းကျောင်းရှေ့၌ လည်းကောင်း စုရပ်အသီးသီး၌နေရာယူကြပြီး နံနက် ၇ နာရီခွဲမှစတင်ကာ ဆင်အကများ၊ မြန်မာ့ရိုးရာအတီးအမှုတ်အကများဖြင့် ရွှင်လန်းတက်ကြွစွာ ချီတက်၍အခမ်းအနားကျင်းပမည့်ကွင်းအတွင်းရှိ သတ်မှတ်နေရာအသီးသီး၌ စနစ်တကျနေရာယူကြသည်။

## သဘာပတိ

ထို့နောက်အခမ်းအနားကို နံနက် ၈နာရီ မိနစ်၄၀တွင် စတင်ကျင်းပရာ သဘာပတိအဖြစ် မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်ဇံကဆောင်ရွက်၍ သဘာပတိ

**ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ ကျင်းပရာ သဘာပတိ မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံ အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)



အဖွဲ့ဝင်များအဖြစ် နွားထိုးကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အုန်းတင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ပြင်စည်ကျေးရွာမှ ရပ်မိရပ်ဖဦးတိုးလှိုင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြင်းခြံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝါဝါစိုးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် မြင်းခြံမြို့နယ် အမှတ် (၁၆)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေး အဖွဲ့ဝင်ဒေါ်အေးမြသူကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်းကြေညာပြီး အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအားအလေးပြုကြသည်။

## အလေးအနက်ဂုဏ်ပြု

ထို့နောက် သဘာပတိ မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်ဇံက အမှာစကား ပြောကြားရာ၌ ယနေ့မိမိတို့အားလုံး ဤနေရာ၌ စုဝေးရောက်ရှိလာခြင်းသည် ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကြီးကို အလေးအနက်ဂုဏ်ပြုရန် နှင့် ယခုနှစ်ဖေဖော်ဝါရီ၁၇ရက်တွင် ပြန်လည်ကျင်းပမည့်အမျိုးသားညီလာခံ ကြီးကို ကြိုဆိုထောက်ခံကြရန်အတွက်ဖြစ်ကြောင်း။

ရှမ်းပြည်နယ် ပင်လုံမြို့၌ ၁၉၄၇ခုနှစ်ဖေဖော်ဝါရီ၁၂ရက်တွင် တိုင်းရင်း သားအားလုံးတစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်ပြီး ဥမကွဲ သိုက်မပျက် နေထိုင်ကြရန် တညီတညွတ်တည်းဆုံးဖြတ်ခဲ့ကြကြောင်း။

ယင်းဆုံးဖြတ်ချက်ကြောင့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ၁၂ရက်သည် သမိုင်း ဝင် နေ့ထူးနေ့မြတ်ကြီးဖြစ်လာခဲ့ကြောင်း။

## ညီညွတ်မှုစွမ်းအား

ထိုကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားပေါင်းစု ၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီ၄ရက်တွင် မိမိတို့အားလုံးသူ့ကျွန်ဘဝက လွတ်မြောက်လာခဲ့ရကြောင်း၊ ဖိနှိပ်အုပ်ချုပ်



သွေးစုပ်ခြယ်လှယ်ခဲ့သော တိုင်းတစ်ပါးနယ်ချဲ့အောက်က လွတ်မြောက် လာရခြင်းသည် ပြည်ထောင်စုကြီးကို ဖြစ်ပေါ်စေခဲ့သည့် တိုင်းရင်းသား အားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပြည်ထောင်စုနေ့ အခမ်းအနားကို နှစ်စဉ် ဂုဏ်ယူ ကျင်းပခဲ့ကြကြောင်း၊ယနေ့နိုင်ငံတော်အစိုးရသည် တလုံးတစည်းတည်း သော ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးတာဝန်ကြီး သုံးပါးကိုကိုင်စွဲပြီး နိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် နေ့မအားညမနား စွမ်းစွမ်းတမံထမ်းဆောင်နေကြောင်း။

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်ရေးအတွက် ခေတ်မီနိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် အားထုတ် ကြိုးပမ်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်ခုအဖြစ် ထည်ဝါစွာရပ်တည်နိုင်ရန် ကြိုးစားထမ်းရွက်ကြရမည်ဖြစ်သကဲ့သို့ ခေတ်မီနိုင်ငံတော်ကြီးဖြစ်လာရေးကိုလည်း ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ကြောင်း။

ခေတ်မီနိုင်ငံတော်ကြီးဖြစ်လာမှသာ တိုင်းရင်းသားပြည်သူအပေါင်း၏ စီးပွားရေးဘဝ တောင့်တင်းခိုင်မာလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကဏ္ဍပေါင်းစုံ၊ ဒေသပေါင်းစုံ၌ တည်ဆောက်လျက်ရှိကြောင်း။

## ပေါ်လွင်ထင်ရှား

စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စက်မှုဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍပေါင်းစုံတွင် အင်တိုက်အားတိုက်တည်ဆောက်ပေးလျက် ရှိကြောင်း၊ ပုဂံအနော်ရထာမင်းမှစ၍ မြန်မာဘုရင်များလက်ထက်၌ ဆည်တမံ ၁၀ခု၊ကိုလိုနီလက်ထက်၌ ဆည်တမံရှစ်ခု၊ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်၌ ဆည်တမံ၅၁ခု၊ လမ်းစဉ်ပါတီခေတ်၌ ဆည်တမံ၆၉ခု၊ နှစ်ပေါင်း တစ်ထောင် နီးပါး၌ ဆည်ပေါင်း၁၃၈ခုသာတည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့နိုင်ငံ တော်အစိုးရလက်ထက်တွင် ဆည်မြောင်းတာတမံပေါင်း ၁၆၉ ခုကို ၁၆နှစ် အတွင်း၌ တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရ၏ ပြည်သူများ ကြီးပွားတိုးတက်ရေးကို ရှေးရှုထားရှိသည့် စေတနာမှာပေါ်လွင်ထင်ရှားကြောင်း။

**ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြ ကျေးရွာ၌ ကျင်းပရာ အခမ်းအနားမှူး အဖြစ် မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင် ဒေါ် ဝါ ဝါ စိုး နှင့်**



**တွဲဖက် အခမ်းအနားမှူးအဖြစ် မြင်းခြံမြို့နယ် အမှတ်(၁၆) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးအဖွဲ့ဝင် ဒေါ်အေးမြသူတို့က ဆောင်ရွက်ကြစဉ်။**

(သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖြည့်ဆည်းဆောင်ရွက် ပေးမှုများကြောင့် ယနေ့တိုင်းပြည်တစ်ဝန်း တစ်နံတစ်လျား ရာသီမရွေး အချိန်မရွေးသွားလာနိုင်သည့် အခြေအနေရနေပြီး ကျေးရွာချင်းဆက်လမ်းများ လည်း ဖောက်လုပ်ပေးနိုင်ပြီဖြစ်သည့်အတွက် ကျေးရွာများ၏ ကူးလူးဆက်ဆံမှု သည် လွယ်ကူချောမောလာပြီဖြစ်ကြောင်း။

## ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း ပြည်သူလူထုကျန်းမာရေးအတွက် ငွေလုံး ငွေရင်းအသုံးစရိတ်ကျပ်သန်းပေါင်းများစွာ တိုးမြှင့်သုံးစွဲခဲ့သည့်အတွက် မန္တလေးမြို့နှင့် ရန်ကုန်မြို့ကြီးများကို သွားရောက်အားထားကုသရသည့် အခြေအနေမှ ကိုယ့်မြို့၊ကိုယ့်ဒေသ၊ကိုယ့်ရွာ၌ ကုသနိုင်သည့် အခြေအနေများ ရနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ပြည်သူတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျ ဆောင်ရွက်အားထုတ်ပေးနေခြင်းမှာ ထင်ရှားလျက်ရှိကြောင်း။

အခြေခံပညာကဏ္ဍတွင်လည်း နိုင်ငံတစ်ဝန်းလုံးအခြေခံပညာကျောင်း ပေါင်း၄၀၅၀၅ကျောင်းဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံသားတိုင်း အခြေခံပညာ သင်ယူ ခွင့်ရရှိရေးကို စီမံကိန်းချဆောင်ရွက်ပေးခဲ့ရာ ယခင်မူလတန်းအဆင့်ကျောင်းနေ နှုန်း ၇၇ရာခိုင်နှုန်းသာရှိခဲ့သည့်အတွက် ကျန်ကလေးများ၏ ပညာရေးသည် အဟောသိကံဖြစ်ခဲ့ရကြောင်း၊ ယခုခေတ်တွင် **“ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့”** ဟူသော ဆောင်ပုဒ်နှင့်အညီ အစီအစဉ်တကျ စီမံဆောင်ရွက်ပေးသည့်အတွက် ကျောင်းနေအရွယ် ကလေး များ ကျောင်းနေနှုန်း ၉၆ဒသမ ၉ရာခိုင်နှုန်း အထိတိုးတက်လာခဲ့ကြောင်း၊ ဤတိုးတက်မှုနှုန်းသည် မည်သည့်ဖွံ့ဖြိုးပြီးနိုင်ငံနှင့်မဆို ယှဉ်ပြိုင်နေသည့် အခြေအနေရှိကြောင်း၊ လူတိုင်းအတွက်ပညာရေးသည် ယခင်စာတတ်နှုန်း ၇၈ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၉၃ဒသမ ၃ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း။

တစ်နိုင်ငံလုံး၌ ယခင်တက္ကသိုလ်၊ ကောလိပ် ၃၃ခုမှ ၁၅၆ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး မိမိတို့ ခေတ်အဆက်ဆက်မျှော်မှန်းခဲ့သည့် ခရိုင်အတွင်း၌ ဒီဂရီကောလိပ်ကြီးနှင့် နည်းပညာကောလိပ်ကြီးများ တည်ရှိလာပြီဖြစ်ကြောင်း၊ ဘွဲ့လွန်ပညာကဏ္ဍ၌ ပါရဂူတန်းအထိဖွင့်လှစ်ကာ ဘာသာရပ်အသီးသီးတွင် ပါရဂူဘွဲ့ပညာရှင်များကို မွေးထုတ်ပေးနေပြီဖြစ်ကြောင်း။

## သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များ

**ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များကိုတွေ့ရစဉ်။**

(သတင်းစဉ်)

## နိုင်ငံတော်၏စေတနာ

**ပုဂံအနော်ရထာမင်းမှစ၍ နှစ်ပေါင်း တစ်ထောင်နီးပါး၌ ဆည်ပေါင်း ၁၃၈ ခုသာ တည်ဆောက်ပေးနိုင်ခဲ့၊**

**ယနေ့ နိုင်ငံတော်အစိုးရ လက်ထက်တွင် ဆည်မြောင်းတာတမံပေါင်း ၁၆၉ ခုကို ၁၆နှစ် အတွင်း၌ တည်ဆောက်ပေးနိုင်ခဲ့။ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရ၏ ပြည်သူများ ကြီးပွား တိုးတက်ရေးကို ရှေးရှုထားရှိသည့် စေတနာ မှာ ပေါ်လွင်ထင်ရှား။**

# အခြေခံအကျဆုံး လိုအပ်ချက်

**စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရေးအတွက် ယနေ့နိုင်ငံတော်အစိုးရသည် စနစ်တကျ တစ်ဆင့်ချင်း ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းကို အားလုံး သိမြင်ကြပြီးဖြစ်၊**

**မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် အတူတကွ နေထိုင်ကြ၊**

**ထို့ကြောင့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုသည် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်။**



**ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ တောင်သာမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ ချီတက်လာကြစဉ်။** (သတင်းစဉ်)

နိုင်ငံတော်သည် ပညာရေးကဏ္ဍတွင် အင်အားကြီးမားစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့်အတွက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ရရှိနိုင်ပြီဖြစ်ကြောင်း။

ဒေသပေါင်းစုံကိုကြည့်လျှင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း များ၊ ဒေသကြီး ၂၄ခုဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စီကာစဉ်ကာ တစ်ပြိုင်နက်ဆောင်ရွက်လျက်ရှိကြောင်း။

## အသွင်ကူးပြောင်းရန်

နိုင်ငံတော်အစိုးရသည် အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ထာဝရတည်တံ့စေရန် ယခုကဲ့သို့ အခြေအနေကောင်းများ တည်ဆောက် ရင်းနှီးမြှုပ်နှံနေခြင်းသည် ဒီမိုကရေစီနိုင်ငံတော်အဖြစ် စနစ်တကျ အသွင်ကူးပြောင်းနိုင်ရန်အတွက်ဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ကြောင်း၊ ထိုလမ်းစဉ်(၇)ရပ်အနက် ပထမဦးဆုံးလမ်းစဉ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများ ချမှတ်ပေးမည့် အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့် ၂၀၀၄ခုနှစ် မေလမှ စတင်ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မကြာခင်တွင်လည်း မိမိတို့ တိုင်းရင်းသားပြည်သူအားလုံး ဂုဏ်ပြုကြသည့် ပြည်ထောင်စုနေ့ကြီးတွင် နိုင်ငံတော်ကြီးရှေ့ရေးအတွက် အသက်တမျှ အရေးကြီးသော အမျိုးသားညီလာခံကြီး ပြန်လည်စတင်ကျင်းပတော့မည်ဖြစ်သည့်အတွက် ယခုနှစ် ဖေဖော်ဝါရီလသည် "စိန်မြရံခြယ် ဂုဏ်အသွယ်သွယ်" နှင့် တင့်တယ်သည့်လဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ယနေ့ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်အပြည့်အဝဖြင့် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။



**ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်ကို မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီနိုင် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

## ဂုဏ်ပြုသတ်မှတ်

ဆက်လက်၍ ပြည်ထောင်စုနေ့ ဂုဏ်ပြုတင်ပြချက်ကို မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီနိုင်က တင်ပြရာ၌ သဘာပတိကြီးက ပြည်ထောင်စုနေ့ကို နေ့ထူးနေ့မြတ်ကြီးအဖြစ် ပြောကြားသွားကြောင်း၊ တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအဖြစ် ရပ်တည်နေထိုင်သွားကြရန် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ခဲ့သည့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ဂုဏ်ပြုပြီး ထိုနေ့ကို မိမိတို့နိုင်ငံ၏ ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြကြောင်း။

ထိုသမိုင်းဝင် စည်းလုံးညီညွတ်မှုစွမ်းပကားကြောင့် မိမိတို့သည် လွတ်လပ်ရေးရခဲ့ကြောင်း၊ သူ့ကျွန်ဘဝက လွတ်မြောက်ခဲ့ကြကြောင်း၊ အချုပ်အခြာအာဏာပြန်လည်ရရှိလာခဲ့ကြကြောင်း၊ လွတ်လပ်သော နိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ်တည်ခွင့်ရရှိလာခဲ့ကြကြောင်း။

ထို့ကြောင့် ပြည်ထောင်စုနေ့ကြီးသည် ဂုဏ်ထူးဝိသေသပေါင်းများစွာနှင့် ပြည့်စုံနေကြောင်း၊ ပြည်ထောင်စုနေ့ကြီးကို နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုကျင်းပခဲ့ကြကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုခဲ့ကြကြောင်း။

ယခုနှစ်ပြည်ထောင်စုနေ့ကို နိုင်ငံတော်အစိုးရက ဦးတည်ချက်(၅)ရပ်နှင့် ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းဦးတည်ချက်များမှာ–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စု စိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

တို့ဖြစ်ကြောင်း။

## အနှစ်သာရ

ယင်းဦးတည်ချက်များသည် နိုင်ငံရေးအနှစ်သာရများနှင့် ပြည့်စုံနေပြီး ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းကာကွယ်ရင်း နိုင်ငံတော်တည်ငြိမ်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်ရေးသည် ဦးတည်ချက်များ၏ အနှစ်သာရဖြစ်ကြောင်း။

သဘာပတိကြီး၏ အမှာစကားတွင်ပါရှိသည့်အတိုင်း တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့် မိမိတို့နိုင်ငံ လွတ်လပ်ရေးပြန်လည်ရရှိခဲ့ခြင်းဖြစ်ကြောင်း။

တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်သည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံကို ချစ်မြတ်နိုးသောစိတ်ဓာတ်၊ နိုင်ငံနှင့် လူမျိုးအတွက် အသက်စွန့်ရန် ဝန်မလေးသော စိတ်ဓာတ်များကြောင့် ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း။

မိမိတို့နိုင်ငံကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် ပြည်ထောင်စုသားများသည် နှစ်ပေါင်းထောင်ချီပြီး အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံး နေထိုင်လာခဲ့ကြကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ချမှတ်ပြီး တစ်မျိုးသားလုံးနှင့် ပူးပေါင်းလက်တွဲ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိနေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက အေးချမ်းတည်ငြိမ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အားဖြင့် စည်းလုံးညီညွတ်မှုကို စတင်ကြိုးပမ်းခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် ၁၇ ဖွဲ့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှုရရှိပြီး လက်တွဲဖော်ဆောင်ခဲ့ကြောင်း။

## အသီးအပွင့်များ

နိုင်ငံတော်ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရာတွင် လုံခြုံရေးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးကို ပထမဆုံး စတင်ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသအားလုံး လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ငွေလုံး ငွေရင်းများစွာပုံအောပြီး ဖော်ဆောင်ခဲ့သဖြင့် ယနေ့တွင် အသီးအပွင့်များကို စတင်မြင်တွေ့နေရပြီဖြစ်ကြောင်း။

ဤကဲ့သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး စတင်သန္ဓေတည်ရာ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံဒေသဖွံ့ဖြိုးရေးကို အလေးအနက်ဆောင်ရွက်ခဲ့ကြောင်း၊ ပင်လုံဒေသ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် စွမ်းစွမ်းတမံအကောင်အထည်ဖော်ခဲ့ကြောင်း၊ ယခုအခါ ပင်လုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာကောလိပ်နှင့် လှိုင်လင်ဆေးရုံကြီးတို့သည် ပင်လုံဒေသဖွံ့ဖြိုးမှု၏ သင်္ကေတများအဖြစ် ခိုင်ခိုင်မာမာရပ်တည်နေပြီဖြစ်ကြောင်း၊ ပင်လုံဒေသကို ဗဟိုပြုပြီး လမ်းပန်းဆက်သွယ်ရေးကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည်လည်း တစ်နိုင်ငံလုံးကိုယ်စားလှယ်များ ပင်လုံမြို့၌ စုဝေးပြီး အစိုးရ၏ ပင်လုံဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုကို ဂုဏ်ပြုခဲ့ကြပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားများရှိရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ပုံအောဆောင်ရွက်ခြင်းကြောင့်တိုင်းရင်းသားအပေါင်းနှင့် စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေပြီး ပြည်ထောင်စုစိတ်ဓာတ်ပိုမိုရင့်သန်စေကာ တိုင်းရင်းသားအားလုံး၏ ရင်ထဲအသည်းထဲ၌ တစည်းတလုံးတည်းသော ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ရေးကို ဖြစ်ပေါ်စေကြောင်း။

## တွန်းလှန်ဖယ်ရှား

ထိုအချိန်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ယိုယွင်းပျက်ပြားအောင်ဖန်တီးနေသည့် အဖျက်သမားများ၏ အန္တရာယ်ကို စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် တွန်းလှန်ဖယ်ရှားကြရမည်ဖြစ်ကြောင်း၊ ယခုနှစ် ပြည်ထောင်စုနေ့၏ ဦးတည်ချက်များသည် ပြည်ထောင်စုအစွန့်ရှည်ရေးအတွက် ကာကွယ်ရေးသန္နိဋ္ဌာန်ကို ဖြစ်ပေါ်စေကြောင်း၊ သမိုင်းအစဉ်အလာကြီးမားလှသည့် နေ့ထူးနေ့မြတ် ပြည်ထောင်စုနေ့ကို မိမိတို့ ပြည်သူလူထုအစည်းအဝေးကြီးက အလွန်တန်ဖိုးထား ဂုဏ်ပြုပါကြောင်းဖြင့် တင်ပြသွားသည်။



**အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်း၍ မြင်းခြံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

## ကြိုဆိုထောက်ခံ

ထို့နောက် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည်က တင်ပြရာ၌မိမိအနေဖြင့် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံကြီးကို ပြည်သူလူထုကြီးကိုယ်စား ကြိုဆိုထောက်ခံတင်ပြလိုကြောင်း။

ပြည်သူလူထုအပေါင်းသိကြသည့်အတိုင်း နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဦးဆုံးလမ်းစဉ်သည် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် နိုင်ငံတော်အတွက် အထူးပင်အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ပြီးခဲ့သည့်နှစ် မေလတွင် စတင်ကျင်းပခဲ့ပြီး မိုးရာသီစိုက်ပျိုးရေးကာလတွင် လုပ်ငန်းများဆောင်ရွက်နိုင်ရန် ခေတ္တရပ်နားခဲ့ကာ ယခုပွင့်လင်း ရာသီဖြစ်သည့် ဖေဖော်ဝါရီ ၁၇ရက်တွင် ပြန်လည်ကျင်းပရန် သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးကြီးဆုံးဖြစ်ကြောင်း။

## အနာဂတ်နိုင်ငံတော်သစ်

ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြည့်မြောက်စေရေးအတွက် ယနေ့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး အပါအဝင်နိုင်ငံသားအားလုံးကျရာကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ခိုင်မာသည့် အနာဂတ်နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရေးအတွက် ယနေ့နိုင်ငံတော်အစိုးရသည် စနစ်တကျ တစ်ဆင့်ချင်း ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းကို အားလုံး သိမြင်ကြပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ကျော် အတူတကွ နေထိုင်ကြကြောင်း။

ထို့ကြောင့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုသည် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ကြောင်း၊ ထိုအကြောင်းကို နိုင်ငံတော်အစိုးရက အထူးကြိုးပမ်းတည်ဆောက်ခဲ့ရသည့်အကြောင်း မိမိရှေ့က ကိုယ်စားလှယ်ကလည်း တင်ပြသွားပြီးဖြစ်ကြောင်း၊

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ▲**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၆-၁-၂၀၀၅ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ဖြူးချောင်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let' sGo
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၀၀ ၉။ Discovery
- ၆:၁၅ ၁၀။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ မြန်မာစာ၊မြန်မာစကား
- ၇:၂၀ ၁၄။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၅။ **"ချစ်လွန်းလို့" (ဖိုးဖြူ၊ခင်စိုးပိုင်၊မျိုးမျိုးခိုင်) (ဒါရိုက်တာ–ကြည်စိုး)**
- ၇:၄၀ ၁၆။ **ထူးကဲမြင့်မြတ်ပူဇော်အပ်သည့်သာသနာ့အာဇာနည်(အပိုင်း–၂)**
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မမှောင်သောအလင်း (အပိုင်း–၇) "ကံကောင်းလေးတစ်ချက်" (ဖိုးသောကြာ၊ဖျိုက်၊ဇော်ဦး၊ ရတနာခင်၊ စမ်းစမ်းအေး၊ ခင်မို့မို့အေး၊ အဂ္ဂချို၊ နှင်းဝတ်ရည်သောင်း၊အရှည်ကြီး၊ ဇော်ဝမ်း) [ဒါရိုက်တာ–သက်တင်]**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

# ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာမည့် ရောင်ခြည်များသန်းနေပြီဖြစ်

# တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ တည်ဆောက်သွားခြင်းဖြင့် မူဝါဒလမ်းစဉ် (၇)ရပ်လုံး အောင်မြင်လာမည်

▲ စာမျက်နှာ ၉ မှ

စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် တည်ငြိမ်ရေးကို ထိပ်တန်းဦးစားပေး ဆောင်ရွက်ခဲ့ခြင်းကို အားလုံးသိကြကြောင်း။

တစ်ဆက်တည်းမှာပင် အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းအောင် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်နှင့် ဖော်ဆောင်ခဲ့ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး၊ အထူးဒေသကြီး ၂၄ခုဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး ငါးရပ်ဖွံ့ဖြိုးရေးတို့ဖြစ်ကြောင်း။

## တောင့်တင်းခိုင်မာ

ယင်းစီမံကိန်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက်လျက်ရှိခြင်းကြောင့် စီးပွားရေး၊ လူမှုရေးအခြေခံများ တောင့်တင်းခိုင်မာလာနေပြီဖြစ်ကြောင်း၊ မိမိတို့ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုများကို ပြန်လည်သုံးသပ်လျှင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိလာပြီး ဒေသများ၏ လုံခြုံရေးသည်လည်း ကောင်းမွန်လာကြောင်း၊ ကဏ္ဍအသီးသီး၊ ဒေသအသီးသီးသည် အလျင်အမြန် ဖွံ့ဖြိုးလာနေပြီး နိုင်ငံသား၊ ဒေသနေတိုင်းရင်းသားအားလုံး တည်ဆောက်ရေးတွင် ပါဝင်နိုင်သည့် အခွင့်အလမ်းများရှိလာကြောင်း၊ ဒေသနေ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးလာပြီး အဆင့်မြင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာနေခြင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း။

## ရောင်ခြည်သန်းနေ

ယခု မိမိတင်ပြသည့် ရလဒ်များသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အတွက် အရင်းအနှီးများ ဖြစ်ကြောင်း၊ ယခုအခါ အမျိုးသားညီလာခံကြီးကို ကျင်းပနိုင်ပြီဖြစ်သည့်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ထွန်းလာမည့် ရောင်ခြည်များသန်းနေပြီဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ တည်ဆောက်သွားခြင်းဖြင့် မူဝါဒလမ်းစဉ် (၇)ရပ်လုံး အောင်မြင်လာမည် ဖြစ်ကြောင်း။

ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအဖြစ် ပေါ်ထွန်းလာသည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံး မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ခိုင်မာစွာ ပူးပေါင်းဆောင်ရွက် ကြမည်ဆိုလျှင် မည်သည့်ကိစ္စမဆို အောင်မြင်မည်ဟု မိမိယုံကြည်ကြောင်း။

မိမိတို့ သတိပြုရမည်မှာ အဖျက်အမှောင့်အန္တရာယ်ပင် ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တွန်းလှန်ရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားအားလုံး၏ ညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို ယိုယွင်းပျက်ပြားအောင် ဖန်တီးလုပ်ဆောင်မှုများကို သတိရှိပြီး တွန်းလှန် ဖယ်ရှားပစ်ရမည်ဖြစ်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်

## ရှင်းလင်းတင်ပြ



မြင်းခြံခရိုင်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များကို မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြည်ကြည်စိန် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးရေးအသင်းကြီးသည် ၂၀၀၃ ခုနှစ်တွင် ပုဂံရှေးဟောင်းနယ်မြေ၌ လူထု အစည်းအဝေးကြီးတစ်ရပ် ကျင်းပပြီး မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ရန် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း။

တိုင်းရင်းသားခေါင်းဆောင်များ၏ စည်းလုံးညီညွတ်မှုဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုကြီး အဓွန့်ရှည်အောင် ဤပြည်ထောင်စုကြီးကို စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် စတင်ကျင်းပသည့် အမျိုးသားညီလာခံကြီးကို တန်ဖိုးထားလေးစားပြီး ကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းပါကြောင်းဖြင့် တင်ပြသွားသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေး

ဆက်လက်၍ မြင်းခြံခရိုင်အတွင်းရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များကို မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြည်ကြည်စိန်က တင်ပြရာ၌ မိမိတို့အသင်းကြီး၏ စည်းရုံးရေးလက်တွေ့ လုပ်ငန်းစဉ်အဖြစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို ကြိုးပမ်းအားထုတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း။

ပြည်နယ်၊ ပြည်မ၊ မြို့ပြကျေးလက် တစ်နိုင်ငံလုံးအကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်၏ အစီအစဉ်များနှင့် မိမိတို့အားလုံး စည်းရုံးရေးအရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း၊ မိမိတို့ခရိုင်အတွင်း အကျိုးရလဒ်များအနေဖြင့် ကျေးရွာချင်းဆက်လမ်း ခုနစ်လမ်း ၂၃ မိုင် သုံးဖာလုံ ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အခြေခံပညာ မူလတန်းကျောင်းများ ဥပမိရပ်ကောင်းမွန်ရေးအတွက် ၂၇ ကျောင်း ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မြင်းခြံခရိုင်အတွင်း ကျေးလက်နေပြည်သူတို့ သောက်သုံးရေရရှိရေး စက်ရေတွင်းပေါင်း ၁၁၆၉ တွင်း၊ လက်နှိပ်တွင်း ၇၉၄၃တွင်း၊ ရေကန် ၁၀၀၄ ကန်တို့ကို ပူးပေါင်းမှု၊ ဦးဆောင်မှုတို့ဖြင့် တူးဖော်ပေးနိုင်ခဲ့ကြောင်း၊ မိမိတို့ အသင်းက ဦးဆောင်ပြီး စက်ရေတွင်းပေါင်း ၄၀ တူးဖော်ပေးခဲ့ကြောင်း။

## စိုက်ပျိုးရေရရှိရေး

ကျေးလက်နေပြည်သူလူထု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က မြင်းခြံခရိုင်ဒေသတွင် အဓိကကျသော စိုက်ပျိုးရေရရှိရေးကို နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်စိုက်ပျိုးရေမရခဲ့သည့် ဒေသများတွင် စပါးစိုက်နိုင်သည့် အခြေအနေများရနေပြီး မြစ်ရေတင်စီမံကိန်းများ အနေဖြင့် စီမံကိန်းပေါင်းကိုးခု ဆောင်ရွက်ပေးခဲ့သည့်အတွက် စပါးစိုက်ဧက ၁၀၆၀၀ ရရှိခဲ့ကြောင်း၊ ဆည်ပေါင်း ၁၉ ဆည် တည်ဆောက်ပေးခဲ့သည့်အတွက် စပါးစိုက် ဧကပေါင်း ၁၄၇၃၉ ဧက ရရှိလာခဲ့ကြောင်း စုစုပေါင်း စပါးစိုက်နိုင်သည့် ဧက ၂၅၃၃၉ ဧက ရရှိလာပြီဖြစ်သည့်အတွက် ဒေသဆန်ဖူလုံရေး မခက်ခဲသည့် အခြေအနေကို ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း အခြားသီးနှံများဖြစ်ထွန်းအောင် စိုက်ပျိုးလာနိုင်ခဲ့သဖြင့် မွေးမြူရေးလုပ်ငန်းများကိုလည်း မိရိုးဖလာမွေးမြူရေးမှ စနစ်တကျ တစ်ပိုင်တစ်နိုင် မွေးမြူရေးစနစ် များတွင် ဆောင်ရွက်လာနိုင်ခဲ့သည့်အတွက် ခရိုင်အတွင်း ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ခိုင်မာသည့် ရပ်တည်နိုင်မှုရှိနေပြီဖြစ်ကြောင်း။



မြင်းခြံခရိုင် ဖက်ပင်အိုင်ကျေးရွာနှင့် နွားထိုးကြီးမြို့နယ် မင်းရွာတို့၌ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား မီးလင်းရေးအတွက် ရန်ပုံငွေကျပ် သိန်း ၂၀ ကို မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ဇော်မြင့်က ပေးအပ်ရာ မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင် လက်ခံစဉ်။ (သတင်းစဉ်)

## ကျေးလက်ဒေသဖွံ့ဖြိုးရေး

**အသင်းကြီး၏ စည်းရုံးရေး လက်တွေ့လုပ်ငန်းစဉ် အဖြစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို ကြိုးပမ်းအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြ။**

**မြင်းခြံခရိုင်အတွင်း အကျိုးရလဒ်များအနေဖြင့် ကျေးရွာချင်းဆက်လမ်း ခုနစ်လမ်း ၂၃ မိုင် သုံးဖာလုံ ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ခဲ့ အခြေခံပညာ မူလတန်း ကျောင်းများ ဥပမိရပ်ကောင်းမွန်ရေးအတွက် ၂၇ ကျောင်း ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့။**

**ကျေးလက်နေပြည်သူတို့ သောက်သုံးရေရရှိရေး စက်ရေတွင်းပေါင်း ၁၁၆၉ တွင်း၊ လက်နှိပ်တွင်း ၇၉၄၃တွင်း၊ ရေကန် ၁၀၀၄ ကန်တို့ကို ပူးပေါင်းမှု၊ ဦးဆောင်မှုတို့ဖြင့် တူးဖော်ပေးနိုင်ခဲ့။**

ကျေးလက်နေပြည်သူတို့၏ ကျန်းမာရေးသည်လည်း နိုင်ငံတော်၏စနစ်တကျ စောင့်ရှောက်ပေးမှု၊ မိမိတို့အားလုံး၏ စည်းရုံးမှုများကြောင့် တစ်ဦးချင်း၊ တစ်ရွာချင်း ကျန်းမာရေး အခြေအနေကောင်းများ ရရှိနေပြီဖြစ်ကြောင်း၊ တစ်ခရိုင်လုံးတွင် အထူးကုဆရာဝန်လေးဦးအပါအဝင် ဆရာဝန်ပေါင်း ၄၉ဦး၊ ကျန်းမာရေးမှူး ၂၉ဦး၊ သူနာပြု ၇၄ဦး၊ သားဖွားဆရာမ ၂၁၉ဦးတို့ ရှိနေပြီဖြစ်ကြောင်း၊ ယနေ့မန္တလေးနှင့် ရန်ကုန်မြို့ကြီးများကို ကျန်းမာရေးအားထားရသည့်ဘဝမှ ကိုယ့်မြို့ကိုယ့်ဒေသမှာပင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေရပြီဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံတော်၏ စေတနာပင်ဖြစ်ကြောင်း။

ဆက်လက်တင်ပြလိုသည်မှာ မိမိတို့သည် သောက်သုံးရေရရှိရေးအတွက် ပြီးခဲ့သည့်နှစ်က ဒုတိယအကြိမ် စက်ရေတွင်း ၂၀ ကို တန်ဖိုးငွေ ၁၀၃ ဒသမ ၈ သိန်း ကျေးရွာ ၂၀ ၌ တူးဖော်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း စက်ရေတွင်းများ တူးဖော်နိုင်ရေး စည်းရုံးဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ အခြေခံပညာ မူလတန်းကျောင်းများ ဥပမိရပ်ကောင်းမွန်ရေးကိုလည်း ပြီးခဲ့သည့်နှစ်က ဒုတိယအကြိမ်အဖြစ် ကျောင်း ၁၁ ကျောင်း တန်ဖိုးငွေ ၄၅ သိန်းဖိုးပြုပြင်ပေးခဲ့ကြောင်း၊ ဆက်လက်၍လည်း ယခုနှစ် တတိယအကြိမ်အဖြစ် တန်ဖိုးငွေကျပ် ၁၇ သိန်းဖြင့် ကျောင်းလေးကျောင်း ပြုပြင်မွမ်းမံပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ဆေးခန်းများပြုပြင်ရေး၊ စိုက်ပျိုးဧကတိုးချဲ့ရေး၊ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရေးတို့ကိုလည်း ကြိုးပမ်းပြီး စည်းရုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို မိမိတို့အားလုံး ဦးဆောင်ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ ကျေးလက်ဒေသ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးလင်းရေးကိုလည်း ခရိုင်အတွင်းရှိ ကျေးရွာ ၁၄ ရွာ၌ စည်းရုံးဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ နောက်ထပ်၍လည်း မြင်းခြံမြို့နယ် ဖက်ပင်အိုင်ကျေးရွာ၊ နွားထိုးကြီးမြို့နယ် မြက်ရှုကျေးရွာတို့ကိုလည်း စည်းရုံးဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်းဖြင့် တင်ပြသွားသည်။

## လွှဲပြောင်းပေးအပ်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် အခြေခံပညာမူလတန်းကျောင်း ၁၁ ကျောင်း ဥပမိရပ် ကောင်းမွန်ရေးအတွက် ဒုတိယအကြိမ် ပြင်ဆင်မွမ်းမံပေးခဲ့သည့် မှတ်တမ်းကို မန္တလေးတိုင်း မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ဇော်မြင့်က မြင်းခြံခရိုင် ပညာရေးမှူး ဦးကောင်းထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၂၀ ၌ ရေကောင်းရေသန့်ရရှိရေးအတွက် ဆောင်ရွက်ခဲ့သော ငွေကျပ် ၁၀၃ ဒသမ ၈ သိန်း တန်ဖိုးရှိ စက်ရေတွင်း ၂၀ နှင့် သက်ဆိုင်သည့် မှတ်တမ်းများကို မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ဇော်မြင့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းထံ လွှဲပြောင်းပေးအပ်သည်။

## ထောက်ခံဆွေးနွေး



ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးသန့်ဆွေ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ဆောင်ရွက်မှုဖြင့် မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ် နှင့် ငါန်းဇွန်မြို့နယ်များရှိ အခြေခံပညာကျောင်း လေးကျောင်းအတွက် တတိယ အကြိမ်အဖြစ် လှူဒါန်းသည့် ငွေကျပ် ၁၇ သိန်းကို မြင်းခြံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ဇော်မြင့်က ပေးအပ်လှူဒါန်းရာ ငါန်းဇွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်သူက လက်ခံသည်။

ဆက်လက်၍ မြင်းခြံမြို့နယ် ဖက်ပင်အိုင်ကျေးရွာနှင့် နွားထိုးကြီးမြို့နယ် မင်းရွာတို့၌ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားမီးလင်းရေးအတွက် ရန်ပုံငွေကျပ်သိန်း ၂၀ ကို မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဦးအောင်ဇော်မြင့်က ပေးအပ်ရာ မြင်းခြံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင်က လက်ခံသည်။

## ထောက်ခံဆွေးနွေး

ထို့နောက် မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်း အခမ်းအနားတွင် ကိုယ်စားလှယ်သုံးဦး၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ နွားထိုးကြီးမြို့နယ် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✡

✡ စာမျက်နှာ ၁၀ မှ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးသန့်ဆွေက ထောက်ခံဆွေးနွေးရာ၌ ပြည်ထောင်စုနေ့ကို ဖော်ဆောင်ခဲ့သည့် သမိုင်းဝင် စည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် မိမိတို့လွတ်လပ်ရေးရခဲ့ကြောင်း၊ သူ့ကျွန်ဘဝကလည်း လွတ်မြောက်ခဲ့ကြောင်း၊ အချုပ်အခြာအာဏာလည်းရခဲ့ကြောင်း၊ လွတ်လပ်သောနိုင်ငံအဖြစ် နိုင်ငံတကာအလယ်တွင် ပြန်လည်ရပ်တည်ခွင့် ရလာသည်ကို အားလုံးအသိဖြစ်ကြောင်း။

ယခုကဲ့သို့ ဂုဏ်ထူးဝိသေသများနှင့်ပြည့်စုံသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းသည် မိမိတို့လူထုအစည်းအဝေးကြီးအတွက် အလွန်တန်ဖိုးထား ဂုဏ်ပြုထိုက်ပါကြောင်းကို ဦးစွာ ထောက်ခံတင်ပြအပ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် ဖေဖော်ဝါရီ ၁၇ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသား ညီလာခံကြီးသည် နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ပေးမည့် ညီလာခံကြီးဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အရေးကြီးကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမဦးဆုံးလမ်းစဉ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ပြဋ္ဌာန်းနိုင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ သတ်မှတ်ဆုံးဖြတ်နိုင်ရေးအတွက် ကျင်းပသည့် အမျိုးသားညီလာခံကြီးဖြစ်ကြောင်း။

ထိုအမျိုးသားညီလာခံကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ပြီးမြောက်စေရေးအတွက် ယနေ့တက်ရောက်လာကြသည့် ပြည်သူလူထုကြီး တစ်ရပ်လုံးအပါအဝင် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ လွှမ်းခြုံပြီး ၂၀၀၃ခုနှစ်တွင် ပုဂံယဉ်ကျေးမှုနယ်မြေ၌ လူထုအစည်းအဝေးကြီးကျင်းပပြီး မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေး ကြေညာချက်ကို တစ်ခဲနက်ထောက်ခံပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဖေဖော်ဝါရီ ၁၇ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသား ညီလာခံကြီးကို ပြည်သူလူထုတစ်ရပ်လုံးကိုယ်စား ကြိုဆိုထောက်ခံပါကြောင်းကို အလေးအနက် တင်ပြအပ်ပါကြောင်း။

### အားရကျေနပ်ဝမ်းသာ

တစ်ဆက်တည်းမှာပင် မိမိတို့နယ်မြေဒေသအတွက် နိုင်ငံတော်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များ၏ ဆောင်ရွက်ပေးမှုရလဒ်များအဖြစ် ကျောင်းများ၊ ရေတွင်းများ၊ တံတားများ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာဒေသ မီးလင်းရေးများပါမကျန် လက်တွေ့၊ မျက်တွေ့ ပေးအပ်ဆောင်ရွက်ခြင်းကို တွေ့ရသည့်အတွက် အလွန်ပင် အားရကျေနပ်ဝမ်းသာပီတိဖြစ်ရကြောင်း၊ ထို့ကြောင့် မြင်းခြံခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ရှေ့ဆက်လက် အကောင်အထည်ဖော်မည့် လုပ်ငန်းများကို လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါကြောင်း။

နယ်မြေလူထုအကျိုး၊ ရပ်ရွာအကျိုးကို အသင်းအဖွဲ့အစည်းများက ဆက်လက်ပြီး ဆတက်ထမ်းပိုးတိုးပြီး ဝိုင်းဝန်းကြိုးပမ်းပေးကြသကဲ့သို့ ပြည်သူလူထုကြီးနှင့် မိမိတို့အသင်းကြီးကလည်း ကျရာအခန်းကဏ္ဍက ပါဝင်ကူညီဆောင်ရွက်ပေးကြရန် ထောက်ခံအားပေးကြပါစို့ဟု ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ သဘာပတိက အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီး၏ ဆန္ဒသဘောထားကို ရယူရာ ပြည်သူလူထုကြီးက သဘောတူကြောင်း တစ်ခဲနက်ဆန္ဒပြုကြသည့်အတွက် ပြည်ထောင်စုနေ့ကို ပြည်သူလူထုကြီးက အလေးအနက်ဂုဏ်ပြုကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ပြည်သူလူထုကြီးက စောင့်ထိန်းမည်ဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးကို ပြည်သူလူထုကြီးက ကြိုဆိုထောက်ခံကြောင်းနှင့် ခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုဆိုထောက်ခံကြောင်းတို့ကို ဤပြည်သူလူထု အစည်းအဝေးကြီးက အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက "ပြည်ထောင်စုမပြိုကွဲရေး" (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး) ဟု တစ်ခဲနက်ကြွေးကြော်ကြပြီး မြင်းခြံခရိုင်၌ ကျင်းပသည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို နံနက် ၉နာရီ၂၅မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)





သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (သစ်တောရေးရာ)

## တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ထူးကြီး အထကကျောင်းဆောင်သစ် ဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၅

**ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းဝင်းအတွင်း၌ ပြုလုပ်ရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။**

ဖွင့်ပွဲကိုမှခ်ဦးတွင်ပြုလုပ်ရာ အေးရှားဝေါလ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်၊ CIFG ကုမ္ပဏီမှ Mr. Li Zhong Shu မြို့နယ်ဥက္ကဋ္ဌ ဦးသစ်လွင်၊ မြို့နယ်ပညာရေး မှူး ဦးသိန်းဇံတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကျောင်းသား၊ကျောင်းသူများက ကမ္ပည်းမော်ကွန်းအားရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ထူးကြီး အခြေခံပညာအထက်တန်းကျောင်း ပညာရေးရန်ပုံငွေပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို CIFG ကုမ္ပဏီမှ Mr. Li Zhong Shu က ပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးမြတ်စိုးက လက်ခံရယူသည်။ ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်ကြသည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ အာရ်စီ သံကူကွန်ကရစ် အမျိုးအစားကျောင်းဆောင်သစ်ဖြစ်၍ ခန်းမတစ်ခန်း၊ စာသင်ခန်းသုံးခန်းတို့ပါရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ CIFG ကုမ္ပဏီနှင့် အေးရှားဝေါလ် ကုမ္ပဏီတို့က ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

## ပခုက္ကူဦးအုံးဖေ စာပေဆု ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုရရှိသူများ ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၅

၂၀၀၄ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆု ရရှိသူများကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာရာ ယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆုကို ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယနှစ် (ပန်းချီအထူးပြု)ကျောင်းသူ မဖြိုးသရဖီထင်နှင့် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ ပထမနှစ် (သဘင်အထူးပြု) ကျောင်းသူ မမြင့်မြင့်အေးသိန်းတို့ ရရှိကြသည်။

ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုရ ကျောင်းသူများအား ဖေဖော်ဝါရီ ၅ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် ၂၀၀၄ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ စာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲတွင် တပေါင်းတည်း ချီးမြှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

## နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (အခြေခံပညာအဆင့်) ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် စာပေ၊ အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်း၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာန ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခဒေါက်တာကျော်ဝင်း ခေါင်းဆောင်သော အကဲဖြတ်ဒိုင်အဖွဲ့ဝင် ပါမောက္ခများ၊ ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်သူ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင်နှင့် လေ့လာသူ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲသို့ ပြည်နယ်နှင့် တိုင်းများမှ အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၁၇ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ကြရာ ပထမဆုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဖြိုးတင့်လွင်၊ ဒုတိယဆုကို ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မနန်းပွင့်ရွှေရည်ဖူးနှင့် တတိယဆုကို ပဲခူးတိုင်း(အနောက်) ပေါင်းတည်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သီဟချစ်ဝင်းတို့က ရရှိကြသည်။

ယနေ့ပြိုင်ပွဲတွင် ဆုရရှိသူများအား ၂၀၀၅ ခုနှစ် မတ် ၂၇ရက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ဆုများကို ပေးအပ်ချီးမြှင့်မည် ဖြစ်သည်။ (သတင်းစဉ်)


## စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ (ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

**ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့**

| | | |
|---|---|---|
| ၀၉း၀၀–၁၇း၀၀ | – | ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀–၁၂း၀၀ | – | ICT Product Presentation |
| ၀၉း၀၀–၁၇း၀၀ | – | Network Game ပြိုင်ပွဲ |
| ၁၃း၀၀–၁၆း၃၀ | – | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ |

**ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့**

| | | |
|---|---|---|
| ၀၉း၀၀–၁၇း၀၀ | – | ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀–၁၇း၀၀ | – | Network Game နောက်ဆုံးပြိုင်ပွဲ |
| ၁၃း၀၀–၁၆း၀၀ | – | ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း |
| | – | ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း |
| | – | အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား |

**(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်)**

**MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်။**


## မေတ္တာဝါဒီဟသ်ာတ(ပရဟိတ)စာသင်တိုက် မင်္ဂလာမုခ်ဦး ရေစက်ချအလှူမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

လှိုင်မြို့နယ် မာလာမြိုင် (၁၀)လမ်း၊ ဗဟိုလမ်း (၁၆)ရပ်ကွက် မေတ္တာဝါဒီဟသ်ာတ(ပရဟိတ) စာသင်တိုက်ကြီး၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ(အစိုးရဓမ္မာစရိယ)၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌ(မဟာဒွါရ)ထံ မိခင်ကြီး ဒေါ်လုံးတင်အားအမှူးထား၍ ဦးအေးသန်း–ဒေါ်တင်နွဲ့ မိသားစု (မ–၁/ခ)၊ (၁)လမ်း မြို့သစ် အင်းစိန်မြို့နယ်က နဂါးခန္ဓပရိတ်တော်ပုံပြ မင်္ဂလာမုခ်ဦးကို ငွေကျပ် ၂၇ သိန်း အကုန်အကျခံကာ ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်ကြည်ညိုနိုင်သည်။ (က–ပ)


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၉၈၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

❀ **စစ်မှုထမ်းဟောင်းမှ**

စည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြန်လည်သုံးသပ်**

ရှေးဦးစွာမြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ယနေ့အစည်းအဝေးမှာ ၂၀၀၇ခုနှစ်အတွက် ပထမအကြိမ်ပြုလုပ်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီအစည်းအဝေးဖြစ်ကြောင်း၊ နှစ်သစ်တွင် အတွေးသစ်၊ အမြင်သစ်၊ စိတ်သစ်ကိုယ်သစ်ဖြင့် မိမိတို့အဖွဲ့ကြီး တောင့်တင်းခိုင်မာပြီး စည်းလုံးညီညွတ်သည့် အဖွဲ့ကြီးဖြစ်အောင် နှစ်ဟောင်းက အားသာချက်၊ အားနည်းချက်များကို ပြန်လည် သုံးသပ်ကာ တိုးတက်သည်ထက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက် သွားကြရန်ဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခု စည်းလုံးညီညွတ်ရန်အတွက် တူညီသည့်အခြေခံလမ်းစဉ်၊ တူညီသည့် ယုံကြည်ချက်ခံယူချက်ရှိနေကြရန် အရေးကြီးကြောင်း၊ မိမိတို့အဖွဲ့ဝင်များ၏ တူညီသည့်ယုံကြည်ချက်၊ခံယူချက်မှာ ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒလည်းဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆိုသည့် အမျိုးသားရေးတာဝန်ကို တပ်မတော်ထဲမှာရှိစဉ်ကကဲ့သို့ စွဲမြဲယုံကြည်နေ အောင် အဖွဲ့အစည်းအတွင်း တာဝန်ရှိသူအသီးသီးတို့က အမြဲမပြတ် ထိတွေ့ ဟောပြောဆွေးနွေးနေကြရန် လိုအပ်ကြောင်း။

**အမျိုးသားညီလာခံ**

ယနေ့ နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြောင်း၊ ပထမအဆင့်လည်းဖြစ် အရေးကြီးဆုံးကိစ္စလည်းဖြစ်သည့် အမျိုးသား ညီလာခံကို ကျင်းပလျက်ရှိနေကြောင်း၊ ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ အမျိုးသားညီလာခံ၏ အခန်းကဏ္ဍတစ်ရပ်ကို အောင်အောင်မြင်မြင်ဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ယခုတစ်ဖန် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်နေ့တွင် အမျိုးသားညီလာခံကို ထပ်မံကျင်းပပြုလုပ်သွားမှာဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ မြို့နယ်အဆင့်အထိပါဝင်သည့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ တရားဝင် ပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့် ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များ အပါအဝင် အစုအဖွဲ့အားဖြင့် ရှစ်ဖွဲ့၊ လူတန်းစားအလွှာအသီးသီး၊ တိုင်းရင်းသား ကိုယ်စားလှယ် အသီးသီးတို့ပါဝင်ညှိနှိုင်းဆွေးနွေးကြမည့် ညီလာခံကြီးဖြစ်ကြောင်း။

**ဟန့်တားကာကွယ်**

ယင်း ညီလာခံကြီးက ညှိနှိုင်းဆွေးနွေးသဘောတူရရှိခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများအပေါ်တွင်အခြေခံပြီး အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသွားကြ မှာဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပ နိုင်ရေးမှာ အရေးကြီးပါကြောင်း၊ ဤညီလာခံကြီးကို ဖျက်လိုဖျက်ဆီးပြုလုပ် လိုကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ မိမိတို့ စစ်မှုထမ်းဟောင်းအဖွဲ့များကလည်း အခြားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ မပေါ့သောသတိ၊ မလျှော့သော လုံ့လဝီရိယတို့ဖြင့် စောင့်ကြပ်ကြည့်ရှုပြီး ဟန့်တားကာကွယ်သွားကြရမှာ ဖြစ်ကြောင်း။

မိမိတို့အဖွဲ့ကြီးကိုလည်း အင်အားတောင့်တင်းခိုင်မာပြီး ဂုဏ်သိက္ခာရှိသည့် အဖွဲ့၊ နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံတော်ကာကွယ်ရေးအတွက် အရန်အင်အားစုကြီးတစ်ခုအဖြစ် ရပ်တည်သွားနိုင် အောင် ကြိုးပမ်းတည်ဆောက်သွားကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဗဟိုစည်းရုံးရေး ကော်မတီဝင်များအနေဖြင့် မိမိတို့ရောက်ရှိသည့် ပြည်နယ်တိုင်းအသီးသီးမှ မိမိတို့၏ ရဲဘော်ရဲဘက် စစ်မှုထမ်းဟောင်းအဖွဲ့များကို ထိတွေ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် ဗဟိုစည်းရုံးရေးကော်မတီ တွဲဖက်အတွင်းရေးမှူး တွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏(၃/၂၀၀၄) အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တွဲဖက်အတွင်း ရေးမှူးက(၁/၂၀၀၅)အစည်းအဝေးသို့ တင်ပြရန်ရှိသည့် လုပ်ငန်းဆိုင်ရာများကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာန ချုပ်၏ ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် အဖွဲ့၏ အဖွဲ့ဝင်အင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ လုပ်ငန်းတာဝန်ကြီးငါးရပ် အဖွဲ့ခေါင်းဆောင်များနှင့် စည်းရုံးရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ် သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



ဇန်နဝါရီ ၂၅ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီးတို့ ထိုင်းနိုင်ငံ တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Col. Prissapa Suvanatatနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ရှင်သာမဏေဓမ္မဗိမာန် သမထဝိပဿနာတရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၂၅**

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးသန်းရွှေ(ဒလ- အံ့ကြီး)က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မ ဗိမာန်တွင် ဖေဖော်ဝါရီ ၂ရက်မှ ၈ရက် အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိ ကိုယ်တွေ့ဉာဏ်မြင်ခန္ဓာ ဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရ သည်။ (က-ပ)





ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဒလ သင်္ဘောကျင်းမှတည်ဆောက်သော ရွှေပြည်သစ် အမြန်ရေယာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

## ရွှေပြည်သစ် အမြန်ရေယာဉ်၊ ကုန်သေတ္တာသယ်ပို့တွဲနှင့် ဝေပုလ္လ နှစ်ထပ်ရေယာဉ်များအား လုပ်ငန်းတာဝန်ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၅

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒလသင်္ဘောကျင်း၌ တည်ဆောက်ခဲ့သော အမြန်ရေယာဉ် ရွှေပြည်သစ် တန် ၅၀၀ ကုန်သေတ္တာသယ်ပို့တွဲနှင့် အကြီးစားပြင်ဆင်ပြီး စက်သစ်တပ်ဆင်တည်ဆောက်သော ဝေပုလ္လ ခရီးသည်တင် နှစ်ထပ်ရေယာဉ်များအား လုပ်ငန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဘုန်းဆွေ၊ ဗိုလ်မှူးချုပ်မျိုးတင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ဌာနအကြီးအကဲများနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

**နည်းလမ်းရှာဖွေ**

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး အနေဖြင့် အမြန်နှုန်းကောင်းသည့် ရေယာဉ်ကို တည်ဆောက်ပြီး ရေကြောင်းပို့ဆောင် ရေးလုပ်ငန်းကို ရပ်တည်နိုင်အောင် နည်းလမ်းကြံဆ ဆောင်ရွက်နိုင်ခြင်း၊ ကုန်ဈေးနှုန်းကျဆင်းရေးကို အထောက် အကူပြုရေးအတွက် ပြည်တွင်း ကုန်သေတ္တာ သယ်ယူပို့ဆောင်ရေးကို စရိတ်စက အလွန်သက်သာစွာ သယ်ပို့ နိုင်ရန် ကုန်သေတ္တာသယ်ပို့တွဲရေယာဉ် တည်ဆောက်ခြင်းများအပြင် ဆက်လက် ၍ တည်ဆောက်ရေးလုပ်ငန်းများကို လည်း နည်းလမ်းရှာဖွေဆောင်ရွက်သွား ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ရေယာဉ်များတည်ဆောက် မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေး မှူးက ဒုတိယအထွေထွေမန်နေဂျာ (ပို့ဆောင်ရေး)သို့ ရေယာဉ်များလုပ်ငန်း ဆောင်ရွက်နိုင်ရေး တာဝန်အပ်နှင်းစာ ပေးအပ်ပြီး ဝန်ကြီးသို့ အထိမ်းအမှတ် လက်ဆောင်အဖြစ် ရွှေပြည်သစ် အမြန် ရေယာဉ်ပုံစံငယ်ကို ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် ဧည့်သည်များသည် နန်းသီတာ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ရွှေပြည်သစ်အမြန်ရေယာဉ်၊ကုန်သေတ္တာ သယ်ပို့တွဲနှင့် ဝေပုလ္လနှစ်ထပ်ရေယာဉ် များကို လိုက်လံကြည့်ရှုစစ်ဆေးကြ သည်။

ရွှေပြည်သစ် အမြန်ရေယာဉ်မှာ အရှည် ပေ ၁၁၀၊ အကျယ် ၁၃ပေနှင့် အမြင့်ခြောက်ပေရှိပြီး မြင်းကောင်ရေ ၃၉၆ကောင်အားရှိသော M. W. M. TBD 234 V8စက်နှစ်လုံး တပ်ဆင် ထားသည်။ ရေမိုင် အမြန်နှုန်း ၁၆မိုင် ဖြစ်ပြီး အထက်တန်းခရီးသည် ၂၀ဦး၊ ရိုးရိုးခရီးသည် ၆၉ဦး လိုက်ပါနိုင်သည်။ အဆိုပါရေယာဉ်ကို ပုဂံ-ညောင်ဦးနှင့် မန္တလေးခရီးစဉ်တွင် ကမ္ဘာလှည့်ခရီး သည်များ ပို့ဆောင်ရေးတွင် အသုံးပြု မည်ဖြစ်သည်။

**လပွတ္တာခရီးစဉ်**

ဝေပုလ္လနှစ်ထပ်ရေယာဉ်အားရေယာဉ် အင်အားနည်းပါးသည့် မြစ်ဝကျွန်းပေါ် ဒေသ လပွတ္တာနှင့် ရန်ကုန်ခရီးစဉ်တွင် ပြေးဆွဲမည်ဖြစ်သည်။

တန် ၅၀၀ ကုန်သေတ္တာတင်တွဲ ရေယာဉ်မှာ အရှည်ပေ ၁၆၀၊ အကျယ် ၃၄ပေနှင့်အမြင့်ခုနစ်ပေ၊ခြောက်လက်မ ရှိပြီး အရှည်ပေ ၂၀၊ အကျယ်ရှစ်ပေနှင့် အမြင့်ရှစ်ပေရှိသော ကုန်သေတ္တာ ၃၂လုံး တင်ဆောင်နိုင်သည်။ (သတင်းစဉ်)

## မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

(၁၃)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို လာမည့် ဖေဖော်ဝါရီ ၉ရက်မှ ၁၁ရက်အထိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)မင်္ဂလာဒုံ၌ ကျင်းပမည်ဖြစ်သည်။

**ကြိုတင်စာရင်းသွင်းနိုင်**

အဆိုပါအခမ်းအနားသို့ ဆေးဘက်ဆိုင်ရာပညာရှင်များ၊ အလုပ်သင်ဆရာဝန်များ၊ ဆေးတက္ကသိုလ် ဗိုလ်လောင်း၊ သူနာပြုဗိုလ်လောင်းနှင့် စိတ်ပါဝင်စားသူများတက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် (စာပေညွှန်ကြားရေးမှူး) တပ်မတော်ဆေးတက္ကသိုလ် ဖုန်း-၀၃၁ ၃၅၀၆၃သို့လည်းကောင်း၊ မှတ်ပုံတင်အရာရှိတပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) မင်္ဂလာဒုံ ဖုန်း-၀၃၁ ၃၅၀၇၉သို့ လည်းကောင်း၊ မှတ်ပုံတင်အရာရှိအမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၊ ဖုန်း- ၀၃၁ ၃၁၂၅၃သို့လည်းကောင်း ဆက်သွယ်၍ လာမည့်ဖေဖော်ဝါရီ ၁ရက်မှစပြီး ကျင်းပမည့်ရက်မတိုင်မီ ကြိုတင်စာရင်း သွင်းနိုင်သည်။ (သတင်းစဉ်)

## အလင်းရောင် သစ်သားတံတား

**ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသ ချောင်းခွကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် နန်ကသူချောင်းကို ဖြတ်သန်းတည်ဆောက် ဖွင့်လှစ်ခဲ့သည့် အရှည် ၂၆၆ ပေရှိ အလင်းရောင် သစ်သားတံတားကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။** (၁၉၁)



## အိမ်မဲကြီး အထက(ခွဲ) အာစရိယပူဇော်မည်

**အိမ်မဲ ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်း အိမ်မဲမြို့ အိမ်မဲကြီးအထက(ခွဲ)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် ဦးလှမြင့် ဖုန်း-၆၆၆၈၂၅၊ ဦးအောင်သန်းဦး ဖုန်း-၅၃၄၀၂၀နှင့် ဦးမောင်မောင်တူး ဖုန်း-၆၈၀၇၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ကိုယ်ပွားသတင်းစာတိုက် မီးဘေးကာကွယ်ရေး လေ့ကျင့်

**မန္တလေး ဇန်နဝါရီ ၁၈**

နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများ မီးဘေးအန္တရာယ် ကင်းဝေးစေရေးလုပ်ငန်းစီမံချက်အရ မန္တလေးမြို့ ကိုယ်ပွားသတင်းစာတိုက်နှင့် မန္တလေး အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး၊ ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိကိုယ်ပွားသတင်းစာတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ စာတည်းမှူးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းက မီးဘေးကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိရေး၊ စစ်ဆေးရေးနှင့် လေ့ကျင့်မှုများကို အပတ်စဉ် ဆောင်ရွက်သွားကြရန် မှာကြားသည်။ မြန်မာသီဟကုမ္ပဏီလီမိတက် အရောင်းဆိုင် လက်ထောက်မန်နေဂျာ ဦးထွန်းဝင်းသိန်းက ကုမ္ပဏီမှ ထုတ်လုပ်ရောင်းချသော ဓာတုဗေဒပေါင်းဒါမှုန့် မီးသတ်ဆေးဘူး၊ မီးအမျိုးအစားအလိုက်အသုံးပြုပုံများကိုရှင်းလင်းပြောကြားသည်။

ထို့နောက် စုပေါင်းမီးငြိမ်းသတ်မှုများကို သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။ **(က-ပ)**

## ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ဖျာပုံ ဇန်နဝါရီ ၁၅**

ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း (ယခင် ရုပ်တိုက်ကျောင်း)၌ အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၇ ရက် (တနင်္ဂနွေနေ့)တွင် ဖျာပုံမြို့ အလက (၁)၌ ကျင်းပမည်ဖြစ်သည်။

အလက(၁) အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် မိသားစုများ ဆက်သွယ်ကြရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူငွေများကို ဖျာပုံမြို့ အလက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေရွှေသန်း ဖုန်း ၀၄၅-၄၀၆၇၀၊ ဦးမောင်မောင်ဦး ဖုန်း ၀၄၅-၄၀၁၀၂၊ ဦးရဲမျိုးထွဋ် ဖုန်း ၀၄၅-၄၀၁၉၃၊ ဒေါ်စန်းစန်းယု ဖုန်း ၀၄၅-၄၀၁၆၈ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**



**ဘုတလင်မြို့နယ် ကံသစ်-အောင်ချမ်းသာလမ်း အမာခံကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းတို့ ဒီဇင်ဘာ ၂၇ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။** (၄၃၉)



**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ သိန်းနီလမ်း(စံပြလမ်း) ကတ္တရာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းညွန့်က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင် ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။** (၂၄၇)

## ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပမည်

**ပုသိမ် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြည်သော် သမဝါယမအသင်း လီမိတက်မှ စုစည်း၍ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ပုသိမ်မြို့ ကန်သာယာကွင်း၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ ဟင်္သာတမြို့ မိုင်ဒါကွင်း၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ မိုးကုတ်မြို့ မဏိရတနာခန်းမ၌ မတ် ၁ ရက်မှ ၅ ရက်အထိလည်းကောင်း၊ မန္တလေးမြို့၌ မတ် ၈ ရက်မှ ၁၂ရက်အထိ ဘုရားကြီး(အရှေ့ကွင်း)တွင်လည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ထက်လင်းတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးက အဓိကပံ့ပိုးပြီး ထက်လင်း ရင်လူးဆေး၊ ထက်လင်း အစာကြေ အသံကြည်ဆေးပြားနှင့် အကြောပြေ ဒဏ်ကြေလိမ်းဆေးများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ စားသောက်ကုန်များ၊ အလှကုန်များ၊ စိုက်ပျိုးရေး၊ လုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်းနစ်ပစ္စည်းများ၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ ရုံးသုံး ကျောင်းသုံး စာရေးကိရိယာများ၊ စက်မှုလက်မှု နည်းပညာဆိုင်ရာ ပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် သမဝါယမအသင်းများမှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများကို ရောင်းချပေးမည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ဖျော်ဖြေရေးအစီအစဉ်များ၊ ကုန်ပစ္စည်းသရုပ်ပြ ရှင်းလင်းပွဲများ ပါရှိရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု ဝယ်ယူနိုင်သည်။

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြည်သော် သမဝါယမအသင်းလီမိတက် အဆောင်(၂) ပထမထပ် မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရှေ့ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀ (လိုင်းခွဲ) ၃၉၄၊ ၄၀၈၊ ၀၉-၅၁၀-၇၂၀၅၊ ရုံးချိန်ပြင်ပ ဖုန်း-၆၃၆၅၀၉ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်



**သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းချောမွေ့ကောင်းမွန်စေရေးအတွက် ကောင်စီလမ်းအရှည် ၄၅ ပေ၊ အကျယ် ၁၆ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၁ ရက်က အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## ရွှာင်မြို့နယ်၌ သံကူကွန်ကရစ်တံတားဖွင့်

**ရွှာင် ဇန်နဝါရီ ၁၅**

၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ရွှာင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ရုံးပေါင်းစုံလမ်း သံကူကွန်ကရစ်တံတား ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်က အဆိုပါ တံတားမုခ်ဦးတွင် ကျင်းပသည်။

တံတားဖွင့်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

အဆိုပါတံတားသည် ၁၈ ပေ x ၄ဒသမ၆ ပေx၄ပေ ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ်၄၅၃၅၀၀ ဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(နယ်စပ်စည်ပင်)**



**မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေကျပ် ၂၆ သိန်းကျော် အကုန်အကျခံ၍ ကျိုက်ထိုမြို့ မုပ္ပလင်-စွပ္ပနူးလမ်းပေါ်ရှိ တံတားသစ်တည်ဆောက်ပြီးစီးမှုကို ဇန်နဝါရီ ၁၅ ရက်က တွေ့ရစဉ်။**
(မြို့နယ်စည်ပင်)

## ဒါးကျိုင်း ချောင်းကူးတံတားဖွင့်ပွဲ ကျင်းပ

**လှိုင်းဘွဲ့ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကိုယ့်အားကိုယ်ကိုး ဒါးကျိုင်း ချောင်းကူးတံတားဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ဒါးကျိုင်းချောင်းကူးတံတားရှေ့ ကွင်းပြင်တွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာနှင့် ဦးစောကြာအင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဦးစောကြာအင်းက တံတားဆောက်လုပ်ပေး ခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါတံတားသည် အကျယ် ၁၀ ပေနှင့် အရှည်ပေ ၁၈၀ ဖြစ်ပြီး ကုန်ကျငွေ ကျပ်သိန်း ၁၂၀ ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သြစတြေးလျနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၅ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင်ကျရောက်သည့် သြစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်ဟားဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တူညီသည့် ခံယူချက်၊ ယုံကြည်ချက်မှာ ဒို့တာဝန်အရေးသုံးပါးဖြစ် အဖွဲ့ကြီးကို အင်အားတောင့်တင်းခိုင်မာပြီး နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံတော်ကာကွယ်ရေးအတွက် အရန်အင်အားစုကြီးတစ်ခုအဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၁/၂၀၀၅)ကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❁





မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၁/၂၀၀၅) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တပ်မတော်၏ မွန်မြတ်သော အစဉ်အလာ(၁၂)ရပ်ကို အသက်ပေးထိန်းသိမ်း နိုင်ငံတော်၏ ရေပေါ်ရေအောက် သယံဇာတများကို ကာကွယ်စောင့်ရှောက် ရောက်ရာဒေသတွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးကို အားသွန်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၂၅

တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်း အမှတ်စဉ်(၆၅)နှင့် အင်ဂျင်နီယာ အရာရှိငယ် သင်တန်းအမှတ်စဉ်(၃၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✡

### အမှာစကားပြောကြား

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ် သင်တန်း အမှတ်စဉ်(၆၅)နှင့် အင်ဂျင်နီယာ အရာရှိငယ်သင်တန်း အမှတ်စဉ်(၃၉) သင်တန်း ဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

